# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## လွန်စွာကပ်ငြိသည့်စိတ်

ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးသောသူကဲ့သို့ ကာမဂုဏ်တို့ကို မရသေးသည်ကို တောင့်တ၊ ရပြီးသည်ကို တွယ်တာ၊ လွန်စွာကပ်ငြိသည့် စိတ်ရှိသောသူကို ကြီးစွာသော ရေအလျဉ်သည် အိပ်ပျော်နေသောရွာကို လွှမ်းမိုးတိုက်ယူသွားသကဲ့သို့ သေမင်းသည် သိမ်းယူ၍ သွားး၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၄၇)


၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက် | ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၆ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၂၈၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထား ဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ နှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# လူ့အခွင့်အရေးကောင်စီအနေဖြင့် ဘက်မလိုက်ရေးအခြေခံမှုများကို လိုက်နာဆောင်ရွက်ရန် မြန်မာနိုင်ငံက တောင်းဆို

ဂျီနီဗာမြို့တွင် ၁၈-၆-၂၀၂၄ ရက်မှ ၁၂-၇-၂၀၂၄ ရက်အထိ ကျင်းပခဲ့သည့် လူ့အခွင့်အရေးကောင်စီ၏ (၅၆) ကြိမ်မြောက် အစည်းအဝေးကာလအတွင်း မြန်မာနိုင်ငံဆိုင်ရာ ဆွေးနွေးပွဲများကို သက်ဆိုင်ရာနိုင်ငံမပါဝင်ဘဲ ကျင်းပခဲ့ပြီး၊ ယင်းသည် ကောင်စီ၏ အခြေခံမှုများဖြစ်သည့် အပြုသဘောဆောင်သည့် ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု စသည်တို့နှင့် သွေဖည်လျက်ရှိသည်။ လူ့အခွင့်အရေးကောင်စီသည် အစည်းအဝေးကာလအတွင်း အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (အိုအိုင်စီ)က တင်သွင်းသည့် မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုကိုလည်း အတည်ပြုချမှတ်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးက ပံ့ပိုးပေးရန် မေတ္တာရပ်ခံသည့် အချက်အလက်များအား ထောက်ပံ့ပေးခဲ့သော်လည်း မဟာမင်းကြီး၏ အစီရင်ခံစာနှင့် တင်ပြချက်တွင် လက်နက်ကိုင်အဖွဲ့များနှင့် အကြမ်းဖက်သမားများ၏ ပြောကြားချက်များကိုသာ အလေးပေးဖော်ပြခဲ့သည်။ ယင်းသည် လိုရာဆွဲဖော်ပြခြင်းဖြစ်ပြီး၊ မဟာမင်းကြီး၏ အစီရင်ခံစာအပေါ် ယုံကြည်မှုလျော့နည်းစေသည်။ တိုင်းရင်းသားအရေးနှင့် ဘာသာရေးဆိုင်ရာ တင်းမာမှုများဖြစ်စေသော အေအေ အကြမ်းဖက်အဖွဲ့၏ ဒေသခံလူထုအပေါ် ကြီးလေးသော ကျူးလွန်မှုများအား အစီရင်ခံစာတွင် လျှော့ပေါ့ဖော်ပြထားသည်ကို တွေ့ရှိရသည်။ အစီရင်ခံစာသည် အစိုးရကို ဆန့်ကျင်သည့် အခြားလက်နက်ကိုင်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကိုလည်း လျှော့ပေါ့ဖော်ပြထားသည်။

မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ၏ အစီရင်ခံတင်ပြချက်များသည် မြန်မာနိုင်ငံကို နိုင်ငံတကာအသိုက်အဝန်းက ဖယ်ကြဉ်ရန် သိသာစွာ ဦးတည်ထားသည်။ အပြန်အလှန်ဆွေးနွေးပွဲတွင် အထူးအစီရင်ခံစာတင်သွင်းသူသည် အဖျက်အမှောင့် သတင်းမီဒီယာများ၊ တိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များနှင့် NUG နှင့် ဆက်နွှယ်သော အကြမ်းဖက် PDF အဖွဲ့များ၏ စွပ်စွဲမှုများနှင့် ပုံဖော်ပြောဆို ဝါဒဖြန့်မှုများကိုသာ သံယောင်လိုက် ပြောဆိုထားသည်။ အဆိုပါအကြမ်းဖက်အဖွဲ့အစည်းများကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှ ၂၀၂၄ ခုနှစ်၊ ဇွန်လအထိ အပြစ်မဲ့အရပ်သား ၇,၈၀၀ ကျော် အသက်ဆုံးရှုံးခဲ့ပြီးဖြစ်သည်။ အထူးအစီရင်ခံစာတင်သွင်းသူသည် တရားမဝင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ရပ်များနှင့် ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များကို ရှုတ်ချရမည့်အစား ယင်းအဖွဲ့အစည်းများနှင့် ထိတွေ့ဆောင်ရွက်ရန် နိုင်ငံတကာကို တိုက်တွန်းလျက်ရှိရာ၊ ပြည်သူအားလုံး၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန်အတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းမှုများကို အဟန့်အတားဖြစ်စေသည်။

အထူးအစီရင်ခံစာတင်သွင်းသူက ထုတ်ပြန်ထားသည့် တာဝန်မဲ့သော အစည်းအဝေးစာရွက်စာတမ်းများတွင် တရားဝင်ဘဏ်လုပ်ငန်းများသည် စစ်ရေးလှုပ်ရှားမှုများကို ထောက်ပံ့နေသယောင် လွဲမှားစွာဖော်ပြထားရာ၊ အထင်အမြင်လွဲမှားမှုများ နက်ရှိုင်းစွာဖြစ်ပေါ်စေသည်။ ယင်းစာရွက်စာတမ်းများတွင် မြန်မာပြည်သူများ၏ လူမှုစီးပွားဘဝအပေါ် ပြင်းထန်သော သက်ရောက်မှုများ ဖြစ်ပေါ်လာစေနိုင်သည်ကို လျစ်လျူရှုလျက် မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်ပိတ်ဆို့အရေးယူမှုများ ပြုလုပ်ရန် မှူတမှုကင်းမဲ့စွာ တောင်းဆိုထားသည်။

အိုအိုင်စီက မကြာသေးမီက တင်သွင်းခဲ့သည့် ဆုံးဖြတ်ချက်အဆိုအပါအဝင် ယခင်လူ့အခွင့်အရေးကောင်စီအစည်းအဝေးများ၌ ချမှတ်ခဲ့သော စာမျက်နှာ ၃ ကော်လံ ၁ ❍



ညောင်ဦးမြို့၌ ဧရာဝတီမြစ်ရေ ဝင်ရောက်မှုကို တွေ့ရစဉ်။

## ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ညောင်ဦးနှင့် ပွင့်ဖြူမြို့နယ်တို့တွင် ကျောင်းအချို့ ပိတ်ထားရ

ညောင်ဦး ဇူလိုင် ၁၅

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့၌ ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိနေပြီး ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ကိုယ်ပိုင်အထက်တန်းကျောင်း တစ်ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း ကိုးကျောင်း ယာယီပိတ်ထားရကြောင်း ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများထံမှ သိရသည်။

စာမျက်နှာ ၄ ကော်လံ ၄ ◆


**ယနေ့ ဖတ်စရာ**

တိုင်းပြည်သာယာဝပြောရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လက်တွဲဆောင်ရွက်ကြပါစို့ — ဆောင်းပါး — စာ ၆

ဝက်လက်မြို့နယ်ထွက် နှမ်းနက်သီးနှံ ဈေးကောင်းရ — စီးပွားရေးသတင်းများ — စာ ၁၁

နီပေါ ဝန်ကြီးချုပ်သစ်အဖြစ် နီပေါကွန်မြူနစ်ပါတီ ခေါင်းဆောင် အိုလီ ကျမ်းသစ္စာကျိန်ဆို — နိုင်ငံတကာသတင်း — စာ ၁၃

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၊ ဓနုဖြူမြို့၊ ဇလွန်မြို့၊ လေးမျက်နှာမြို့၊ ဟင်္သာတမြို့နှင့် ပုသိမ်မြို့များရှိ ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ ဒုတိယဝန်ကြီး ဦးအောင်မြိုင်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့ ပန်းလှိုင်မြစ်ကမ်းပါး ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ယမန်နှစ်က စပြီး သုံးနှစ်စီမံချက်ချမှတ်၍ အကောင်အထည်ဖော်ပြီးစီးမှု၊ ယခုဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရေဘေးကာကွယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရန် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ပုသိမ်မြို့၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ကြီးဌာနလက်အောက် ဌာနအဖွဲ့အစည်းများမှ တာဝန်ခံအရာရှိများ၊ ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

### ကြိုတင်စီမံဆောင်ရွက်

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဓနုဖြူမြို့ ခံတပ်ဟောင်းနေရာအနီး၌ ဧရာဝတီမြစ်ရေ မြင့်တက်လာသည့် အခြေအနေနှင့် ဆောင်ရွက်ထားရှိသည့် ကာကွယ်ရေးလုပ်ငန်းများ၊ ဇလွန်မြို့နယ် ဧရာဝတီမြစ်ကမ်းပါးပြိုကျမှုများ ကာကွယ်ရန် မြေထိန်းနံရံတည်ဆောက်နေသည့် လုပ်ငန်းများကို စစ်ဆေးပြီး တည်ဆောက်ထားပြီးသည့် တာပေါင်များ၏အခြေအနေကို မျက်ခြည်မပြတ် ကြည့်ရှုစစ်ဆေး၍ ဦးစားပေးအပိုင်းလိုက် လိုအပ်သည်များ ကြိုတင်စီမံဆောင်ရွက်နိုင်ရေး မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟင်္သာတမြို့နယ် အိပ်ပျက်ကျေးရွာအုပ်စုအတွင်း ဧရာဝတီမြစ်ရေကြောင်းပြောင်းလဲမှုကြောင့် ရေတိုက်စားကမ်းပြို၍ ကျေးရွာနှင့် လယ်ယာမြေများ နှစ်စဉ် ဆုံးရှုံးမှုဖြစ်ပွားသည့်နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဟင်္သာတခရိုင်နှင့် မြို့နယ်ရှိ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ရေစီးကြောင်း ပြောင်းလဲမှုကြောင့် ကမ်းပါးများ ထပ်မံပြိုကျဆုံးရှုံးမှုမရှိအောင် ကာကွယ်နိုင်မည့် အကောင်းဆုံးနည်းလမ်းများ ဖော်ထုတ်စီမံဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စများကို ရင်းနှီးစွာ ဆွေးနွေးမှာကြားသည်။

### ရေးမူမပျက်ပြင်ဆင်ထိန်းသိမ်း

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည်ဟင်္သာတဘူတာမှခမောက်စုဘူတာအထိ RBE ရထားတွဲဖြင့် လိုက်ပါစီးနင်းကာ လမ်းပိုင်းအခြေအနေ၊ ရထားတံတားများနှင့် ဘူတာများ၏ အခြေအနေတို့ကို စစ်ဆေး၍ ခမောက်စုဘူတာမှတစ်ဆင့် လေးမျက်နှာမြို့ ဧရာဝတီမြစ်ကမ်းအနီး သမိုင်းဝင် စတုမုခထူပါရုံစေတီတော်မြတ်ကြီး ငဝန်မြစ်ရေတိုက်စားမှုကြောင့် မြေပြိုပျက်စီးမှု ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းခွင်သို့ရောက်ရှိကာ ယမန်နှစ်က ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ယခုနှစ် ဆောင်ရွက်နေဆဲလုပ်ငန်းအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စေတီတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ရေးမူမပျက်ပြင်ဆင်ထိန်းသိမ်းရေးအတွက် လိုအပ်ချက်များကို ကြိုးပမ်းဆောင်ရွက်နိုင်ရေး မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခမောက်စုဘူတာမှ ပုသိမ်ဘူတာအထိ RBE ရထားဖြင့် ဆက်လက်စီးနင်းလိုက်ပါ၍ ရထားလမ်းတစ်လျှောက် သန့်ရှင်းသပ်ရပ်ရေး၊ ရထားလမ်းပိုင်းကြံ့ခိုင်ရေးနှင့် ရထားအမြန်နှုန်း ပိုမိုမြင့်တင်နိုင်ရေး လိုအပ်ချက်များ မှာကြားသည်။

### လိုအပ်သလို မွမ်းမံပြင်ဆင်

ဇူလိုင် ၁၄ ရက် နံနက်ပိုင်းတွင်လည်း ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပုသိမ်မြို့ ကမ်းနားလမ်းသို့ ရောက်ရှိပြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် ကမ်းနဖူးသာယာလှပရေးနှင့် ပြည်သူလူထု အနားယူအပန်းဖြေနိုင်ရေးလုပ်ငန်း အခြေအနေများကို ကြည့်ရှုကာ သန့်ရှင်းမှုကောင်းမွန်စေရေး၊ ကမ်းနဖူး၏ အလှအပနှင့် လိုက်ဖက်ညီအောင် ဆိပ်ကမ်းတံတားများကိုလည်း လိုအပ်သလို မွမ်းမံပြင်ဆင်ရေး မှာကြားသည်။

### လက်ဆောင်များပေးအပ်

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရောရွှေဝါခန်းမဆောင်တွင် ပုသိမ်မြို့၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ကြီးဌာနလက်အောက် ဌာနအဖွဲ့အစည်းများမှ တာဝန်ခံအရာရှိများ၊ ဝန်ထမ်းများအားတွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်းကောင်းများပီသစွာဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြရေး၊ ဌာနအလိုက် ရုံးများ၊ အိမ်ရာများ၌ ဝန်ထမ်းများနှင့် မိသားစုများ၏ လိုအပ်ချက်များကိုသိရှိအောင် စစ်ဆေး၍ ဖြည့်ဆည်းပေးနိုင်ရေး၊ လုပ်ငန်းကျွမ်းကျင်မှု တိုးတက်လာအောင် လေ့ကျင့်ပေးရေး၊ ဌာနစာကြည့်တိုက်များတွင် ဘာသာရပ်ဆိုင်ရာ စာအုပ်စာတမ်းများ ထားရှိ၊ လေ့လာဖတ်ရှုမှုပြုမ်းခြင်းဖြင့် ဝန်ထမ်းများ၏ အတွေ့အကြုံ၊ ဗဟုသုတ တိုးပွားစေရေးတို့ကို မှာကြားကာ ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာ လက်ဆောင်များ ပေးအပ်သည်။

### ကြည့်ရှုစစ်ဆေး

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့သည် ၂၀၁၆-၂၀၁၇ ခုနှစ်ကာလကတည်းက ရပ်ဆိုင်းထားခဲ့သည့် ဘဲဂရက်-အိမ်မဲ-လှိုင်သာယာစီမံကိန်း လမ်းပိုင်းတစ်လျှောက်ရှိ ဘူတာများ၏ အခြေအနေများ၊ တံတားများ၏အခြေအနေများ၊ သံလမ်းခင်းရန်ကျန်ရှိနေသည့် တာပေါင်နေရာများကို ကြည့်ရှုစစ်ဆေးပြီး ဘူတာအဆောက်အဦနှင့် ဝန်ထမ်းနေအိမ်များ ချို့ယွင်းပျက်စီးနေမှုကို မွမ်းမံထိန်းသိမ်းရေး၊ အစောင့်ဝန်ထမ်းများထားရှိရေး၊ ဆောက်လုပ်ပြီးစီးသည့် ရထားလမ်းများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် စီမံဆောင်ရွက်သွားရန် လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

○ *ရှေ့ဖုံးမှ*

ဆုံးဖြတ်ချက်အဆိုအသီးသီးသည် ၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သည့် စိတ်မချမ်းမြေ့ဖွယ်ဖြစ်ရပ်၏ အဓိကအကြောင်းရင်းကို ဖော်ပြရန် ပျက်ကွက်သည်။ ယင်းပျက်ကွက်မှုက အဆိုပါဆုံးဖြတ်ချက်အဆိုများသည် ပြဿနာအား အဓိပ္ပာယ်ရှိစွာ စိတ်ရင်းမှန်ဖြင့် ဖြေရှင်းရန် ရည်ရွယ်ချက်ကင်းမဲ့သည်ကို ပြသနေသည်။

အစိုးရသည် ၂၀၂၅ ခုနှစ်တွင် လွတ်လပ်ပြီး မျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရန် ကြိုတင်ပြင်ဆင်လျက်ရှိကာ၊ နိုင်ငံတော်တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အစိုးရအနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းများက မေတ္တာရပ်ခံသည့် ကွင်းဆင်းလေ့လာရေး၊ ခရီးသွားလာရေးနှင့် ဝန်ထမ်းများ နေရာရွှေ့ပြောင်းရေးတို့ကို အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံတည်းအပေါ်ဦးတည်သည့် လုပ်ပိုင်ခွင့်များနှင့် ဆုံးဖြတ်ချက်အဆိုများ၊ ယင်းတို့၏ နောက်ဆက်တွဲ အပြန်အလှန်ဆွေးနွေးပွဲများသည် အပြုသဘောဆောင်သည့် ဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် အထောက်အကူမပြုသဖြင့် မြန်မာနိုင်ငံက အစဉ်တစိုက်ဆန့်ကျင်သည်။ မြန်မာနိုင်ငံက ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအနေဖြင့် အဖွဲ့ဝင်နိုင်ငံများနှင့် ထိတွေ့ဆက်ဆံရာတွင် ဘက်မလိုက်ရေးအခြေခံမူများကို ကျင့်သုံးရန်နှင့် နိုင်ငံ၏ အချုပ်အခြာအာဏာကို သေးသိမ်စေပြီး ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဒီမိုကရေစီလမ်းကြောင်းဖော်ဆောင်ရေးတို့အတွက် စစ်မှန်သည့် ကြိုးပမ်းမှုများကို ဟန့်တားခြင်းမပြုရန် တောင်းဆိုသည်။

လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးနှင့် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူတို့၏ အပြန်အလှန်ဆွေးနွေးပွဲများနှင့် အိုအိုင်စီက တင်သွင်းသည့် ဆုံးဖြတ်ချက်အဆိုတို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ တုံ့ပြန်ချက်အသီးသီးကို နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဂျီနီဗာမြို့တို့၏ အင်တာနက်စာမျက်နှာများတွင် လေ့လာကြည့်ရှုနိုင်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်။**



ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အ.ထ.က(၃)ကျောင်း၌ ဇူလိုင် ၁၅ ရက်က မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ အလုံမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မျိုးသူက မိုးရာသီကာလ သစ်ပင်စိုက်ပျိုးခြင်းဆိုင်ရာ နည်းစနစ်များနှင့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး ကျောင်းဝင်းအတွင်း ကျွန်း၊ ပိတောက်၊ မဟော်ဂနီ၊ ပျဉ်းကတိုး၊ ခရေ၊ ငု၊ ထိုင်ဝမ်ဗာဒံ စုစုပေါင်းပျိုးပင် ၁၅၀ ကို ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးစဉ်။ အောင်မြင့်(ပြန်/ဆက်)

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် စပ်လျဉ်းသည့် ငွေပေးချေမှု၊ ချေးငွေ၊ နည်းပညာအကူအညီပေးရေး ဆွေးနွေး



**နေပြည်တော် ဇူလိုင် ၁၅**

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး Mr. Abhay Thakur ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ ဘဏ်နှင့် ငွေရေးကြေးရေး၊ နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် စပ်လျဉ်းသည့် ငွေပေးချေမှု၊ ချေးငွေ၊ နည်းပညာအကူအညီပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ သင်တန်းများ ပံ့ပိုးပေးနိုင်မှုကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၅**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig နှင့်အဖွဲ့ကို ယနေ့တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ (ဝဲပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)တို့အကြား လက်ရှိဆောင်ရွက်နေသည့် ကိစ္စရပ်များနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ၊ UNFPA မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ရေဝတီမြစ်ရေ ထူးကဲစွာမြင့်တက်ခဲ့မှုကြောင့် ရွှေတောင်မြို့နယ်အတွင်း ရေဘေးဖြစ်ပွားမှုအား အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်

**ရွှေတောင် ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ရေဝတီမြစ်ရေ ထူးကဲစွာ မြင့်တက်ခဲ့မှုကြောင့် ရွှေတောင်မြို့နယ်အတွင်း ရေဘေးဖြစ်ပွားမှုအား လိုအပ်သည်များ အချိန်နှင့်တစ်ပြေးညီ သွားရောက်ပံ့ပိုးကူညီဆောင်ရွက်ပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရွှေတောင်မြို့နယ် ထန်းလုံးချောင်း ရေတားတာအလွန် ရွာမကျေးရွာသွားလမ်းပေါ်ရှိ ကိုယ်ထူကိုယ်ထ ကျေးရွာချင်းဆက်လမ်းအနိမ့်ပိုင်းတွင် ရေဝတီမြစ်ရေကြီးမှုကြောင့် လမ်းသားအရှည် ပေ ၃၀ ခန့် ကျိုးပေါက်မှု ဖြစ်ပွားမှုနေရာသို့ သွားရောက်၍ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် စေတနာရှင်ပြည်သူများ စုပေါင်း၍ ရေဘေးကာကွယ်ရေး လုပ်ဆောင်နေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကာ ထန်းလုံးချောင်းရေတားတာအား ပြန်လည်အဆင့်မြှင့်တင်နိုင်ရေး မှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ထန်းလုံးချောင်း ရေတားတာ ကြံ့ခိုင်မှုအား လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ၎င်းရေတားတာ အနိမ့်ပိုင်းနေရာများနှင့် ရေကျော်နိုင်သည့် နေရာများအား ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ ချက်ချင်း ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက်မှ ရေဘေးသင့်ပြည်သူများ ထားရှိသည့် ရွှေမျက်မှန်ဘုရားဓမ္မာရုံ၌ ဖွင့်လှစ်ထားသည့် ရေဘေးကယ်ဆယ်ရေးစခန်းသို့ သွားရောက်အားပေးစကားပြောကြားပြီး ရေဘေးသင့်ပြည်သူ ၅၀၉ ဦးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဆန်၊ ဆီ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်၊ ကုလားပဲ၊ ဆားများနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် ဆန်ရိက္ခာဖိုး နှစ်ပတ်စာ ထောက်ပံ့ငွေကျပ် ၂၃၃၇၈၀၀ ကို ပေးအပ်ပြီး လူစုလူဝေးဖြင့် နေထိုင်သည့်အတွက် ဝမ်းရောဂါနှင့် အခြားကူးစက်ရောဂါဖြစ်ပွားမှုမရှိစေရေး တာဝန်ရှိသူများအား မှာကြားသည်။ ယင်းနောက် ရွှေမျက်မှန် ရုပ်ပွားတော်မြတ်အား သွားရောက်ဖူးမြော်ပြီး ဘက်စုံပြုပြင်မွမ်းမံနိုင်ရေး အလှူငွေများ လှူဒါန်းသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရေဝတီမြစ်ရေ ဝင်ရောက်သည့် ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက် အတွင်းသို့ လှေများဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေဝင်ရောက်သည့် ရပ်ကွက်များအတွင်း လုံခြုံရေးများ ချထားရန်၊ ဝင်ရောက်သည့် ယွန်းတန်း ရပ်ကွက်အတွင်း လွယ်ကူစွာ သွားလာနိုင်ရေး လှေများဖြင့် အခမဲ့ကူညီပို့ဆောင်ပေးနေသည့် ပရဟိတအဖွဲ့များအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ — အန္တရာယ်ရှိသည့် နေရာများတွင် အမှတ်အသားများ ပြုလုပ်ထားရန်နှင့် လျှပ်စစ်မီးအန္တရာယ်ဖြစ်ပွားမှုမရှိစေရေး အလေးထား ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားကာ ရေဝတီမြစ်ရေ

**တိုင်းဒေသကြီး(ပြန်/ဆက်)**



ပွင့်ဖြူမြို့၌ ရေဝတီမြစ်ရေ ဝင်ရောက်မှုကို တွေ့ရစဉ်။

◆ ***ရှေ့ဖုံးမှ***

ညောင်ဦးမြို့၌ ရေဝတီမြစ်ရေ စိုးရိမ်ရေမှတ်အထက် မြင့်တက်လာမှုကြောင့် ကျောင်းဝင်းအတွင်း၌ ရေများဝင်ရောက်လာကာ ဇူလိုင် ၁၀ ရက်မှ စတင်၍ အုန္နကျောင်း(အမက)၊ လက်ထုပ်ကျွန်း(အမက)၊ ဗုဒ္ဓကုန်းကျွန်း(အမက)၊ ပခုက္ကူကျွန်း (အမက-မူလွန်)၊ ထောင့်ကြီး(အမက)၊ ရေလည်ကျွန်း(အမက)၊ တောင်ရွာနောင်(အမက)၊ အခြေခံပညာအထက်တန်းကျောင်း(မြို့မ)၊ သစ်ထောင့်မြောက်ရွာ (အမက)နှင့် တော်ဝင်ကိုယ်ပိုင်အထက်တန်းကျောင်းတို့အား ယနေ့အထိ ယာယီပိတ်ထားရကြောင်း သိရသည်။

အလားတူ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဇူလိုင် ၁၅ ရက်က ရေဝတီမြစ်ရေဝင်ရောက်မှုကြောင့် အခြေခံပညာကျောင်း ခုနစ်ကျောင်း ရေဝင်ရောက်မှုရှိ၍ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ ရေဘေးကင်းဝေးစေရန်အတွက် ထပ်မံယာယီပိတ်ထားခဲ့ရကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ရေဝတီမြစ်ရေ ဝင်ရောက်မှုကြောင့် ယာယီပိတ်ထားရသည့် အခြေခံပညာကျောင်းများအနေဖြင့် ဇူလိုင် ၁၀ ရက်မှ ယနေ့အထိ စုစုပေါင်း အခြေခံပညာကျောင်း ၂၆ ကျောင်း ရှိပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် ပညာရေးမှူး ဒေါ်ညွန့်ညွန့်ဌေးထံမှ သိရသည်။

**ဒီပါလင်း၊ လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# နယ်စပ်ရေးရာဝန်ကြီးဌာန ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိ အားကစားဝင်းအတွင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်/ ညွှန်ကြားရေးမှူးများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင် ကျွန်းပင်နှင့် မန်ကျည်းပင် စုစုပေါင်းအပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးပြီး **(ယာပုံ)** ယခုနှစ်၏ ပထမအကြိမ်နှင့် ယခင်နှစ်များက စိုက်ပျိုးထားရှိသည့် ရတနာတန်းဝင်ပင်၊ နှစ်ရှည်ပင်၊ အရိပ်ရလေကာပင်များ၏ ရှင်သန်ဖြစ်ထွန်းမှုနှင့် ပြန်လည်အစားထိုး စိုက်ပျိုးထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။



အလားတူ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ ရုံး၊ ကျောင်းများတွင်လည်း ၂၀၂၄ ခုနှစ် ဒုတိယအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲများကို တစ်ပြိုင်တည်း ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်များ၊ နှစ်ရှည်ပင်များ၊ အရိပ်ရ လေကာပင်များနှင့် သီးပင်စားပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် ယနေ့ စိုက်ပျိုးခဲ့သည့် သစ်ပင်ပေါင်း ၉၉၅၂ ပင်နှင့် ပထမအကြိမ်စိုက်ပျိုးခဲ့သည့် သစ်ပင်ပေါင်း ၁၂၇၀၀ အပါအဝင် စုစုပေါင်း ၂၂၆၅၂ ပင်တို့ကို စိုက်ပျိုးခဲ့ပြီး ရှင်သန်အောင်မြင် ဖြစ်ထွန်းရေးအတွက် ထိန်းသိမ်းပြုစု ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကရင်ပြည်နယ် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**ဘားအံ ဇူလိုင် ၁၅**

ကရင်ပြည်နယ် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ဇူလိုင် ၁၅ ရက် နံနက် ၉ နာရီက ဘားအံမြို့ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**



ထို့နောက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို အဆိုပါ အထက်တန်းကျောင်း ရွှေရတုခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အသိပညာဗဟုသုတဉာဏ်ပညာကြွယ်ဝသူများဖြစ်ရန် အကောင်းဆုံးနှင့် အရိုးရှင်းဆုံးနည်းလမ်းမှာ စာပေဖတ်ရှုလေ့လာခြင်းပင်ဖြစ်ကြောင်း၊ စာကြည့်တိုက်များသို့ သွားရောက်စာဖတ်ကြသည့်ဓလေ့၊ ဝင်ထွက်သွားလာသည့် အလေ့အကျင့်ကောင်းများကို မွေးမြူနိုင်မှသာ အသက်အရွယ်ကြီးရင့်လာချိန်တွင် စာဖတ်သည့် အလေ့အထများစွဲမြဲလာမည်ဖြစ်ပြီး သို့မှသာ စာကြည့်တိုက်ယဉ်ကျေးမှု ထွန်းကား၍ စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်အတွင်း ကျေးရွာစာကြည့်တိုက် အဆောက်အအုံ အသစ်ဆောက်လုပ်ရန်အတွက် ကျေးရွာစာကြည့်တိုက်တစ်တိုက်လျှင် ငွေကျပ်သိန်း ၁၅၀ နှုန်းဖြင့် ကျေးရွာစာကြည့်တိုက် ငါးတိုက်ကို လှူဒါန်းပေးခဲ့ကြသောအလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့မှလှူဒါန်းသော စာအုပ်စာစောင်များကို လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်း လွှာပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ခင်းကျင်းပြသထားသော ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်၊ ကရင်တိုင်းရင်းသားစာပေဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲ၊ ရုပ်ပုံဆက်ပြိုင်ပွဲ၊ ဘားအံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်တို့မှ စာဖတ်ရှိန်မြှင့်တင်ရေး အထောက်အကူပြုပြခန်းများ၊ လုပသာယာပြည်မြန်မာဓာတ်ပုံပြပွဲများ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ စသည့်ပြိုင်ပွဲများ လှည့်လည်ကြည့်ရှုအားပေးပြီး အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းစာကြည့်တိုက်တွင် ကျောင်းသားလူငယ်များ စာပေဖတ်ရှုလေ့လာနေမှုတို့ကို ကြည့်ရှုအားပေးကာ ကျောင်းစာကြည့်တိုက်အတွက်ငွေကျပ် ၁၀ သိန်းကို ထောက်ပံ့ပေးအပ်သည်။ အဆိုပါပွဲတော်ကို ကရင်ပြည်နယ်အတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံများနှင့် အခြေခံပညာကျောင်းများတွင် တစ်လတစ်ကြိမ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပဲခူး - ရန်ကုန်ပြေးဆွဲမည့် ပဲခူးယာဉ်ရပ်နားစခန်း (ရန်ကုန်) ဖွင့်ပွဲကျင်းပ

**ပဲခူး ဇူလိုင် ၁၅**

ပဲခူး-ရန်ကုန် ပြေးဆွဲမည့် ပဲခူးယာဉ်ရပ်နားစခန်း(ရန်ကုန်)ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက်က အောင်မင်္ဂလာအဝေးပြေးယာဉ်ဝင်းကပ်လျက်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်ဝင်းလှိုင်၊ YRTC တာဝန်ခံ ဦးဘမြင့်နှင့် တာဝန်ရှိသူများ၊ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိန်ဝင်းလှိုင်နှင့် YRTC တာဝန်ခံ ဦးဘမြင့်တို့က ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးသည်။

ပဲခူး-ရန်ကုန် ပြေးဆွဲနေသည့် ယာဉ်လိုင်းများမှာ မိုးမခ၊ MTC ၊ အမှတ် (၅)၊ အမှတ် (၆)၊ ဥဿာ၊ ကြံ့တိုင်းအောင်၊ ဖြိုး၊ လင်းရောင်ခြည်၊ မင်းမကိုဋ္ဌ စသည့်ယာဉ်လိုင်း ကိုးလိုင်းဖြစ်ပြီး ပဲခူးအခြေစိုက် ပြေးဆွဲနေခြင်းဖြစ်ကြောင်း သိရသည်။



ပဲခူး-ရန်ကုန် ပြေးဆွဲနေသည့် မော်တော်ယာဉ်များ အနေဖြင့် အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်းအနီး ပဲခူးယာဉ်ရပ်နားစခန်း (ရန်ကုန်) သို့ ဝင်ရောက်ခြင်းမရှိဘဲ စော်ဘွားကြီးကုန်းသို့ သွားရောက်၍ ခရီးသည် တင်ဆောင်ခြင်း ပြုလုပ်ပါက ယာဉ်လိုင်းပိတ်သိမ်းသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ၊ အဝေးပြေးခရီးသည် သယ်ယူပို့ဆောင်ရေးကြီးကြပ်မှု ဌာနမှ ထုတ်ပြန်ထားသည်။

ပဲခူး-ရန်ကုန် ပြေးဆွဲနေသည့် မော်တော်ယာဉ်များသည် ပဲခူးမြို့မှစတင်ထွက်ခွာပါက မင်္ဂလာဒုံဈေးမှတစ်ဆင့် အောင်မင်္ဂလာအဝေးပြေးယာဉ် ရပ်နားစခန်းသို့ ဝင်ရောက်ရမည်ဖြစ်ပြီး အဆိုပါယာဉ်ရပ်နားစခန်းမှ ပြန်လည်ထွက်ခွာပါက ဗိုလ်ခြံလမ်း၊ နွယ်ခွေလမ်းများမှ ပဲခူးမြို့သို့ ပြန်လည်ထွက်ခွာရမည်ဖြစ်သည်။ အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်းအနီး ပဲခူးယာဉ်ရပ်နားစခန်း (ရန်ကုန်) မှ ပဲခူးသို့ ပြန်လည်ထွက်ခွာပါက မင်္ဂလာဒုံသို့ ဂိတ်ထိုးခွင့် မရှိတော့ဘဲ ဗိုလ်ခြံလမ်း၊ နွယ်ခွေလမ်းများအတိုင်း ပြန်လည်ထွက်ခွာရမည်ဖြစ်ကာ စည်းကမ်းလိုက်နာခြင်းမရှိပါက ယာဉ်လိုင်းပိတ်သိမ်းသည်အထိ အရေးယူသွားမည်ဖြစ်ပြီး မော်တော်ယာဉ်များ အနေဖြင့် အင်းတိုင် စစ်ဆေးရေးဂိတ်သို့ အသွား/အပြန် သတင်းမပို့သည့် ယာဉ်များ YRTC (အဝေးပြေး) သတ်မှတ်ထားသည့် စီမံခန့်ခွဲရေးဒဏ်ကြေး ပေးဆောင်ရမည်ဖြစ်သည်။ **သက်ထက်**

# သာစည်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေး

**သာစည် ဇူလိုင် ၁၅**

သာစည်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေးရှင်းလင်းပွဲကို ဇူလိုင် ၁၅ ရက် နံနက်က မြို့နယ်စည်ပင်သာယာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသက်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်လဝကဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးမြတ်သူရက သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားရာ တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးခဲ့သည်။ ဆက်လက်ပြီး အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်း၌ ပန်းခင်း (၃) စီမံချက်ဖြင့် ဆောင်ရွက်သော နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၃၈ ကတ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီဝင်းထံ ပေးအပ်ပြီး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



# တိုင်းပြည်သာယာဝပြောရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လက်တွဲဆောင်ရွက်ကြပါစို့

**၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့သည် (၇၇)နှစ်မြောက် အာဇာနည်နေ့ဖြစ်သည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွက် ကမ္ဘာတည်သရွေ့ မမေ့နိုင်သော နေ့တစ်နေ့ဖြစ်သည်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် အမျိုးသားခေါင်းဆောင်ကြီးများက လွတ်လပ်ရေးရရှိရေးအတွက်၊ တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက် နယ်ချဲ့အစိုးရနှင့် ရင်ဆိုင်တိုက်ပွဲဝင်နေစဉ် လမ်းခုလတ်၌ပင် မသမာသူ နယ်ချဲ့လက်ပါးစေ အမျိုးသားသစ္စာဖောက်တို့၏ လက်ချက်ကြောင့် ကျဆုံးခဲ့ရသည်။**

*မောင်ငြိမ်းအေး*

ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သည့် အာဇာနည်ခေါင်းဆောင်ကြီးများသည် လွတ်လပ်ရေးကို အသက်နှင့်လဲပေးဆပ်ကာ ရယူပေးခဲ့ကြသည်။ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်သည့် လွတ်လပ်သော နိုင်ငံအဖြစ် တင့်တယ်စွာရပ်တည်နိုင်အောင် လမ်းညွှန်ပြသပေးခဲ့သည်။ တိုင်းပြည်အတွက် အသက်ပေးဆပ်ခဲ့သည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂုဏ်ကျေးဇူးတရားများနှင့် လမ်းညွှန်မှာကြားခဲ့သည့်အတိုင်း ကျွန်ုပ်တို့အားလုံးသည် လွတ်လပ်ရေးအဓွန့်ရှည် တည်တံ့ခိုင်မြဲရေးနှင့် တိုင်းပြည်သာယာဝပြောရေးအတွက် မမေ့မလျော့၊ တာဝန်သိသိ၊ သစ္စာရှိရှိ၊ ဇွဲမာန်အပြည့်ဖြင့် ဆက်လက်ထမ်းဆောင်ကြရမည်။

## ဝိုင်းဝန်းဆောင်ရွက်

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အသက်သွေးတို့ဖြင့် ရင်းနှီးရယူပေးခဲ့သော လွတ်လပ်ရေးအဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် လမ်းညွှန်ပေးခဲ့သည့် နိုင်ငံတော်သာယာဝပြောရေးတာဝန်များကို အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားများကို သိတတ်သောအားဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း လမ်းညွှန်မှာကြားခဲ့သော **"တိုင်းပြည်ထူထောင်ရေးလုပ်ငန်းတွေ၊ ကာကွယ်ရေးလုပ်ငန်းတွေကို လုပ်တဲ့အခါမှာ တိုင်းသူပြည်သားလူထုနဲ့ချီပြီးတော့ လုပ်ငန်းကိုလုပ်မှ အောင်မြင်လိမ့်မယ်"** ဟူသည့် မှာကြားချက်နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံးက နိုင်ငံတော်၏ ဦးဆောင်မှုနှင့်အတူ ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လမ်းညွှန်မှာကြားချက်များကို ဆက်လက်အကောင်အထည်ဖော်နေသည်ဟုခံယူထားပါသည်။ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်တွေတပ်နယ်၌ **"နိုင်ငံရေးနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်၊ နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး တပ်မတော်အနေဖြင့် ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် လုပ်ငန်းများအောင်မြင်မည်ဟုယုံကြည်ကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းသည့်အချိန်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးမည်ဟု တပ်မတော်အနေဖြင့် အာမခံပြီးဖြစ်ကြောင်း၊ တပ်မတော်သည် ပြည်သူကြားမှ ပေါက်ဖွားလာပြီး တိုင်းပြည်၏ အစိတ်အပိုင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် မှန်မှန်ကန်ကန်လျှောက်လှမ်းနိုင်ရေး တပ်မတော်အနေဖြင့် ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း"** ပြောကြားခဲ့သည်။

## ခိုင်ခိုင်မာမာဆောင်ရွက်

ထို့အပြင် **"အမျိုးသားရေးမျှော်မှန်းချက် ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် တိုင်းပြည်စားရေရိက္ခာပေါ်များရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဒီမိုကရေစီအပြည့်အဝရရှိသည့် နိုင်ငံဖြစ်ရန်လိုကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် လက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများဘဝရပ်တည်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာများရရှိအောင် ဆောင်ရွက်ပေးမှသာ ၎င်းတို့ဘဝတိုးတက်လာမည်ဖြစ်ကြောင်း၊ လွယ်ကူသည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်၍ ခက်ခဲသည့်အလုပ်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် မျှော်မှန်းချက်များကို ခိုင်ခိုင်မာမာ ချမှတ်ဆောင်ရွက်သွားရန်လိုကြောင်း"** ပြောကြားခဲ့သည်။

မျက်မှောက်ကာလတွင် ကိုလိုနီနယ်ချဲ့လက်သစ်နှင့် လက်ဝေခံနိုင်ငံအချို့က ဖိအားပေးမှုများ၊ ပိတ်ဆို့မှုများ လုပ်ဆောင်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ပြည်တွင်းအဖျက်သမား သောင်းကျန်းသူများက တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်တို့ကို ဖျက်ဆီးနေသည်။ ပြည်ထောင်စုပြိုကွဲပျက်စီးအောင် ပြုလုပ်နေသည်။ မည်သို့ပင်ဖြစ်စေ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်

> **"နိုင်ငံရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်၊ နိုင်ငံရေးရည်မှန်းချက်နှစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး တပ်မတော်အနေဖြင့် ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် လုပ်ငန်းများအောင်မြင်မည်ဟုယုံကြည်ကြောင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းသည့်အချိန်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးမည်ဟု တပ်မတော်အနေဖြင့် အာမခံပြီးဖြစ်ကြောင်း၊**
>
> **တပ်မတော်သည် ပြည်သူကြားမှပေါက်ဖွားလာပြီး တိုင်းပြည်၏ အစိတ်အပိုင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် မှန်မှန်ကန်ကန်လျှောက်လှမ်းနိုင်ရေး တပ်မတော်အနေဖြင့် ခိုင်ခိုင်မာမာရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ပြောကြား**

ရေးကို အားစိုက်လုပ်ဆောင်နေသည်။ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို စွမ်းအားရှိသရွေ့ ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေသည်။ နိုင်ငံတော်၏ ဦးဆောင်မှုဖြင့် တိုင်းပြည်ကာကွယ်ရေး၊ စီးပွားတိုးတက်ရေး၊ တည်ဆောက်ရေးတို့ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

## အခွင့်အရေးတန်းတူ

ပြည်ပနိုင်ငံအချို့က အကြမ်းဖက်သောင်းကျန်းသူများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကူအညီပေးနေသည်။ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများက တစ်နိုင်ငံလုံးဖြန့်ကြက်၍ လုံခြုံရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် တာဝန်ထမ်းဆောင်နေခြင်းဖြစ်သည်။ အချို့ဒေသများတွင် ငြိမ်းချမ်းရေးကို လိုလားသည့် တိုင်းရင်းသားအဖွဲ့များက လုံခြုံရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းရင်းသားများ အခွင့်အရေးတန်းတူရရှိရေး၊ အကာအကွယ်ရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။

စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာ လျှောက်လှမ်းနိုင်ရေး နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများက နိုင်ငံရေးကို အကြမ်းဖက်နည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်နေသည်။ နယ်မြေအလိုက် အာဏာထူထောင်ရေးကို ဆောင်ရွက်နေသည်။ လုံခြုံရေးတပ်ဖွဲ့များက တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ပေးနေသည်။

လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေသည်။ တပ်မတော်သည် ပြည်ထောင်စုအကျိုးကိုရှေးရှု၍ လက်နက်ကိုင် ပဋိပက္ခများကို ခုခံကာကွယ်သည်မှအပ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေသည်။ နိုင်ငံရေးပါတီများ၊ NCA တွင် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လျက်ရှိသည်။

## အားကောင်းအောင်ကြိုးပမ်း

စိုက်ပျိုး၊ မွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်နေသည်။ နိုင်ငံသူ၊ နိုင်ငံသားများ စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားမြင့်မားတိုးတက်ရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်နေသည်။ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ခရိုင်များကို တိုးချဲ့ဖွဲ့စည်းပေးခဲ့ပြီး ထိရောက်သည့် အုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်ပေးနေသည်။ နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ ဖွံ့ဖြိုးတိုးတက်မှု အားကောင်းလာအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် တည်ဆောက်ရာတွင် ပညာရည်မြင့်မားရေးသည် အရေးကြီးသဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေး၊ KG+9 အထိ မသင်မနေရ ပညာသင်ကြားနိုင်ရေးကို သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားနေသော အချို့ဒေသများ၌ ကျောင်းများ ဖွင့်လှစ်နိုင်ခြင်းမရှိသေးပေ။ ၂၀၂၁ ခုနှစ် နိုင်ငံရေးအပြောင်းအလဲတွင် CDM ဆောင်ရွက်မှုများကြောင့် နယ်ပယ်ကဏ္ဍအသီးသီးရှိ လူ့စွမ်းအားအရင်းအမြစ်များ ဆုံးရှုံးသွားခဲ့သည်။ ကာယကံရှင်များ ထိခိုက်နစ်နာမှုများ ဖြစ်ကြရသလို နိုင်ငံတော်အတွက်လည်း ဆုံးရှုံးမှုပင်ဖြစ်သည်။ အဆိုပါနစ်နာဆုံးရှုံးမှုများကို ကုစားပေးနိုင်ရန် နိုင်ငံတော်အစိုးရက ယင်းဝန်ထမ်းများကို လုပ်ငန်းခွင်စွန့်ခွာရသည့် အကြောင်းအရာပေါ်မူတည်၍ အမည်မည်းစာရင်းမှ ပယ်ဖျက်ဖြေလျှော့ပေးပြီး ပုံမှန်အတိုင်း နေထိုင်လုပ်ကိုင်နိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။

## ဦးစားပေးဆောင်ရွက်

လစ်ဟာသွားသော ပညာရေးဝန်ထမ်းများ ပြန်လည်ပြည့်မီဆောင်ရွက်နိုင်ရေး၊ မဖွင့်လှစ်ရသေးသော ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ဖွင့်လှစ်ပြီးကျောင်းများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေး၊ ပညာရေးဝန်ထမ်းများ လုံခြုံရေး၊ ချီးမြှင့်ထောက်ပံ့ရေးနှင့် အလားတူလစ်ဟာသွားသည့် ကျန်းမာရေးဝန်ထမ်းများ ပြည့်မီစွာပြန်လည်ခန့်ထားနိုင်ရေး၊ ဆရာဝန်မရှိသည့် ဆေးရုံဟူ၍ မရှိစေရေး၊ အခြေခံလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများပေးနိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ နိုင်ငံသူ နိုင်ငံသားများ ကျန်းမာကြံ့ခိုင်ပြီး ပညာတတ်သူများ ပေါများရေးသည် နိုင်ငံအတွက်အရေးကြီးသဖြင့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးဖြစ်သည်။ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်သည့် ရွေးကောက်ပွဲသည် ပြည်သူများ၏လိုလားမှုဖြစ်သည်။ ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ နိုင်ငံ့သမိုင်းတွင် ဆိုးရွားသည့် အမည်းစက်ဖြစ်ခဲ့ရသည့် ၂၀၂၀ ပြည့်နှစ် မဲစာရင်းမှားယွင်းသည့် အဖြစ်မျိုး ထပ်မံမဖြစ်ပွားစေရန် အဖြစ်နိုင်ဆုံး မဲစာရင်းမှားယွင်းမှုမဖြစ်စေရန် ဆောင်ရွက်လျက်ရှိသည်။ မဲစာရင်းမှားယွင်းမှုမဖြစ်စေရေး လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိသည်။ မှန်ကန်သည့် မဲစာရင်းများရရှိမှသာ ရွေးကောက်ပွဲကို မှန်ကန်ချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

## သမိုင်းပေးတာဝန်ထမ်းဆောင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ မျက်မှောက်ကာလ ဆောင်ရွက်ချက်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးကောင်းမွန်ရေး၊ လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးတို့အတွက် နိုင်ငံကို တာဝန်ယူဆောင်ရွက်နေသော ကာလအတွင်း အကောင်းဆုံး အဖြစ်နိုင်ဆုံး ဆောင်ရွက်နေခြင်းဖြစ်သည်။ အနှောင့်အယှက်အမျိုးမျိုးအဖုံဖုံ ကြုံတွေ့နေသည့် ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက်

*စာမျက်နှာ ၇ သို့*

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ (၇၇) နှစ်မြောက် အာဇာနည်နေ့အကြို စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပ



## မိုင်းရှူး

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် ကြူလွိုင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ (၇၇) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အကြိုဟောပြောပွဲကို ဇူလိုင် ၁၅ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးလေးယုက အာဇာနည်နေ့ဖြစ်ပေါ်လာပုံအကြောင်း ဟောပြောခဲ့ပြီး ကျောင်းသားကျောင်းသူများအား မူးယစ်ဆေးဝါး အန္တရာယ်ဆိုင်ရာများ၊ ဗိုလ်ချုပ်အောင်ဆန်း၏ အမှတ်တရပုံရိပ်များနှင့် ကျန်းမာရေးအသိပညာပေးအကြောင်းအရာပါ နံရံကပ်စာစောင်နှင့် ဓာတ်ပုံများ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**သန်းလူ (ပြန်/ဆက်)**

## မြောင်းမြ

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ ဘုရားချောင်းရပ် မူလတန်းလွန်ကျောင်း၌ အာဇာနည်နေ့အကြို ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဇူလိုင် ၁၅ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာအသင်းမှ ဆရာလရောင်လင်း (မြန်မာ့ဂုဏ်ရည်) က အာဇာနည်နေ့အကြောင်း သိကောင်းစရာများကို ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောသည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နံရံကပ်စာစောင်များကို ကျောင်းသားကျောင်းသူများအား ပြသခဲ့သည်။

**ဇေယျာ (ပြန်/ဆက်)**

## ကန့်ဘလူ

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ၂၀၂၄ ခုနှစ် (၇၇) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲများကို ဇူလိုင် ၁၅ ရက်က အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲတွင် မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ကြရာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ၇၉ ဦး၊ အထက်တန်းနှင့် အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၄၆ ဦး၊ အထက်တန်းဆင့် ဆောင်းပါးပြိုင်ပွဲတွင် ငါးဦး စုစုပေါင်း ၁၃၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးထွန်းထွန်းကျော်နှင့် ကျောင်းအုပ်ကြီးများ၊ ဆရာဆရာမများက ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း (ကန့်ဘလူ)**



## မောက်မယ်

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ အနာဂတ်မျိုးဆက်သစ် ကျောင်းသားကျောင်းသူ လူငယ်များ အသိပညာဗဟုသုတ မြင့်မားတိုးတက်စေရန်၊ လူငယ်လူရွယ်များ အာရုံစူးစိုက်လေ့လာမှုနှင့် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်လာစေရန်၊ နေ့ကြီးရက်ကြီးများ မမေ့အပ်စေရန်ရည်ရွယ်၍ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ (၇၇) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အလယ်တန်းအဆင့် စာစီစာကုံးနှင့် မူလတန်းအဆင့်ပန်းချီပြိုင်ပွဲကို ဇူလိုင် ၁၁ ရက်က ကျင်းပခဲ့ပြီး ယနေ့နံနက်ပိုင်းက ဟောပြောပွဲနှင့် ဆုပေးပွဲကို အဆိုပါကျောင်း၌ပြုလုပ်ခဲ့သည်။

ဦးစွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီးဒေါ်နန်းဝိုဆိုင်က အာဇာနည်နေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို ဟောပြောခဲ့ပြီး အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "မမေ့စဉ်လာ အာဇာနည်နေ့အချိန်အခါ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မူလတန်းအဆင့် ပန်းချီပြိုင်ပွဲကိုလည်းကောင်း ကျောင်းသားကျောင်းသူ စုစုပေါင်း ၅၄ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး (၇၇) နှစ်မြောက် အာဇာနည်နေ့ အကြိုဟောပြောပွဲအပြီးတွင် ဆုရရှိသော ကျောင်းသားကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီးက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**စိုင်းမျိုးသန့် (မောက်မယ်)**



## ရန်ကုန်

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ (၇၇) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် စာစီစာကုံး၊ ကဗျာ၊ ကျပန်းစကားပြော၊ ပန်းချီပြိုင်ပွဲများကို ဇူလိုင် ၁၅ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းရည်မွန်က အာဇာနည်နေ့အကြောင်း သိကောင်းစရာများကို ကျောင်းသားကျောင်းသူများအား အသိပညာပေးဟောပြောပြီးနောက် (၇၇) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်ပြိုင်ပွဲများဖြစ်သည့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့ကိုကျင်းပရာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၄၃ ဦး၊ ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၃၆ ဦး၊ ကဗျာပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ ၁၅ ဦး၊ ကျပန်းစကားပြောပြိုင်ပွဲတွင် ကျောင်းသားကျောင်းသူ ခုနစ်ဦး စုစုပေါင်း ၁၀၁ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်းနှင့် ပြိုင်ပွဲများတွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်တွင် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**လှလှထွေး (ပြန်/ဆက်)**

*စာမျက်နှာ ၆ မှ*

တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ ပြည်ထောင်စုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် တို့တာဝန်အရေးသုံးပါးကို တပ်မတော်အနေဖြင့် သမိုင်းပေးတာဝန်အဖြစ် ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်။

မျက်မှောက်ကာလတွင် ဗိုလ်ချုပ်အောင်ဆန်းကြိုတင်မြော်တွေးထားခဲ့သည့် အခြေအနေများအတိုင်း ကြုံတွေ့လျက်ရှိသည်ဟု ဆိုနိုင်ပါသည်။ အမြော်အမြင်ကြီးမားသည့် အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၏ ကြိုတင်မြော်တွေးထားသည်များမှာ သွေးထွက်အောင်ပင်မှန်နေသည်ကို မြင်တွေ့နိုင်ပါသည်။ ဗိုလ်ချုပ်ကြိုတင်မြော်တွေးထားခဲ့သည့် မြန်မာပြည်၏ စီးပွားရေးတိုက်ပွဲဟာ ရှည်ကြာမည်၊ ခက်ခဲမည်ဆိုသည့်အတိုင်း ပြည်တွင်း/ပြည်ပ အနှောင့်အယှက်မျိုးစုံတို့ကြောင့် စီးပွားရေးတွင် အောင်မြင်မည့် အခြေအနေများရှိပါလျက်နှင့် အခက်အခဲများ ကြုံတွေ့နေသည်။ ကြန့်ကြာမှုများ၊ နှောင့်နှေးမှုများ၊ စိန်ခေါ်မှုများရှိနေသည်။

### ဗိုလ်ချုပ်သဘောထား

စည်းလုံးညီညွတ်မှုပျက်ပြားအောင် ပြည်တွင်း/ပြည်ပနှောင့်ယှက်မှုမျိုးစုံ ကြုံတွေ့နေသည်။ ကိုယ့်လူမျိုးအချင်းချင်း သတ်ဖြတ်၊ လုယက်၊ တိုက်ခိုက်၊

> ❊ **ပြည်ပနိုင်ငံအချို့က အကြမ်းဖက်သောင်းကျန်းသူများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကူအညီပေးနေသည်။ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လုံခြုံရေးဆိုင်ရာ အဖွဲ့အစည်းများက တစ်နိုင်ငံလုံးဖြန့်ကြက်၍ လုံခြုံရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုကြီးမပြိုကွဲရေးအတွက် တာဝန်ထမ်းဆောင်နေခြင်းဖြစ်သည်။ အချို့ဒေသများတွင် ငြိမ်းချမ်းရေးကိုလိုလားသည့် တိုင်းရင်းသားအဖွဲ့များက လုံခြုံရေးအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တိုင်းရင်းသားများ အခွင့်အရေးတန်းတူရရှိရေး၊ အကာအကွယ်ရရှိရေးကို ဆောင်ရွက်ပေးလျက်ရှိသည်**

မီးရှို့ဖျက်ဆီးခြင်းများ ပြုလုပ်နေကြသည်။ တိုင်းပြည်ကို ကာကွယ်ရန်၊ တစ်တိုင်းပြည်လုံး ကြီးပွားစေရန် ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့ကတခြား အကွဲကွဲအပြားပြား မပြုလုပ်ရန်လိုသည်။ ပြန်လည်ထူထောင်ရေးဖြစ်စေ၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးဖြစ်စေ၊ တိုင်းပြည်ကာကွယ်ရေးဖြစ်စေ လုပ်သည့်အခါတွင် တိုင်းပြည်လူထုနှင့်ယှဉ်ပြီး ကိုယ်ထိလက်ရောက် ပါဝင်လုပ်ဆောင်ကြရန်လိုသည်။ စုပေါင်းလုပ်ကြရန်လိုသည်။ တိုင်းရင်းသားအချင်းချင်း ညီညွတ်ရေး၊ တိုင်းရင်းသားလူထုညီညွတ်ရေး၊ တိုင်းသူပြည်သားလူထုညီညွတ်ရေး၊ ထိုညီညွတ်ရေးနှစ်ခုရှိရန် လိုအပ်သည်။ ယင်းတို့သည် ဗိုလ်ချုပ်အောင်ဆန်း မှာကြားခဲ့သော သဘောထားများဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ဗိုလ်ချုပ်အောင်ဆန်းကို ချစ်မြတ်နိုးသလို၊ လေးစားတန်ဖိုးထားသလို၊ မမေ့နိုင်သလို ဗိုလ်ချုပ်မှာကြားချက်များကို အလေးထားကြရမည်ဖြစ်သည်။ ဆက်လက်အကောင်အထည်ဖော်ကြရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် နိုင်ငံတော်ကဆောင်ရွက်နေသည့် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ စည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေး ဆောင်ရွက်ချက်များသည် ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းသည့်အတိုင်း အကောင်အထည်ဖော်နေခြင်းဖြစ်၍ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ တိုင်းပြည်သာယာဝပြောရေးတို့ကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

❖ ❖ ❖ ❖ ❖

## ၁၃၈၆ (၂၀၂၄) ခုနှစ် (၃၁) ကြိမ်မြောက် အစိုးရနိကာယ်စာမေးပွဲ အောင်စာရင်းထုတ်ပြန်မည့်နေ့ရက် ကြေညာ

**နေပြည်တော်** ဇူလိုင် ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကျင်းပပြီးစီးခဲ့သော ၁၃၈၆ (၂၀၂၄) ခုနှစ်၊ အစိုးရနိကာယ်စာမေးပွဲ အောင်စာရင်းကို ၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း(၁၂)ရက်၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၇ ရက် (ဗုဒ္ဓဟူးနေ့)၊ နံနက် ၆ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့မှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## အမျိုးသားပြတိုက် (နေပြည်တော်) ၉ နှစ်ပြည့်အထိမ်းအမှတ် မြန်မာ့ရက်ကန်းလက်မှုအနုပညာအထူးပြပွဲ ဖွင့်လှစ်ပြသ

နေပြည်တော် ဇူလိုင် ၁၅

**အမျိုးသားပြတိုက် (နေပြည်တော်) ဖွင့်လှစ်ခြင်း ၉ နှစ်ပြည့် အထိမ်းအမှတ်အဖြစ် မြန်မာ့ရက်ကန်းလက်မှု အနုပညာအထူးပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် အဆိုပါပြတိုက်၌ ကျင်းပသည်။**

ဖွင့်ပွဲအခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် တက်ရောက် ဖွင့်လှစ်ပေးပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့ ဖွင့်လှစ်သည့် မြန်မာ့ရက်ကန်း လက်မှုအနုပညာ အထူးပြပွဲ၌ မြန်မာ့ရိုးရာရက်ကန်းများ ရက်လုပ်ပုံ အဆင့်ဆင့်နှင့် အချိပ်ဒီဇိုင်းများ၊ ပုဂံခေတ်နံရံဆေးရေးပန်းချီ ရေးဆွဲခဲ့သည့် အဝတ်စများ၊ ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှုပြ ရုပ်တု၊ ရုပ်လုံးများ၊ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးကြီး (၈) မျိုး၏ ဝတ်စားဆင်ယင်မှုများ၊ ကြာချည်ရက်လုပ်ပုံများ၊ Eco Print နှင့် ပြုလုပ်ထားသည့် အဝတ်အထည်များကို ပြသသွားမည်ဖြစ်ကြောင်း၊ အဆင့်အတန်း မြင့်မားခဲ့သည့် မြန်မာ့ရက်ကန်းလက်မှု အနုပညာ မတိမ်ကော မပပျောက်စေရန်၊ ပြည်သူလူထုအနေဖြင့် မိမိတို့နိုင်ငံ၏ ထုတ်ကုန်ပစ္စည်းများကို အားပေးကြရန်နှင့် မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်လိုစိတ်များ ဖြစ်ပေါ်လာကြစေရန်အတွက် ပြတိုက်များက ပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အထူးပြပွဲ ပြသရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် အထူးပြပွဲအတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ တူးဖော်တွေ့ရှိမှု အထောက်အထားများအရ မြန်မာနိုင်ငံတွင် လွန်ခဲ့သောနှစ်ပေါင်း နှစ်ထောင့်ငါးရာ-သုံးထောင်ခန့်က ပေါ်ထွန်းခဲ့သည့် ကြေးခေတ်၊ သံခေတ်ထွန်းကားခဲ့သည့် လူမျိုးစုအဖွဲ့အစည်းများတွင် ချည်ထည်များကို ရက်လုပ်သုံးစွဲခဲ့ကြသည့် အထောက်အထားများပြကွက်၊ ပျူခေတ်တွင်တွေ့ရှိရသော ဝတ်စားဆင်ယင်မှု အထောက်အထားများအရ ချည်ထည်ရက်လုပ်သုံးစွဲမှု တိုးတက်ထွန်းကားလာခဲ့သည့် အထောက်အထားများ ပြကွက်၊ ပုဂံခေတ်အဝတ်ပန်းချီများ၊ နံရံပန်းချီများမှ တွေ့ရှိရသော မြန်မာ့ရိုးရာ ချည်ထည်ရက်လုပ်သုံးစွဲမှု အဆင့်ဆင့်ပြကွက်များ **(အပေါ်ပုံ)**၊ အချိပ်ဒီဇိုင်းများ၊ ကြာချည်ရက်လုပ်ပုံများ၊ စာစည်းကြိုးများ၊ ပျူခေတ်၊ ပုဂံခေတ်၊ ပင်းယ၊ အင်းဝနှင့် ရတနာပုံခေတ်အဆက်ဆက် ဝတ်စားဆင်ယင်မှုပြ ရုပ်တု၊ ရုပ်လုံးရုပ်ကြွများ၊ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးကြီး (၈) မျိုးတို့၏ ဝတ်စားဆင်ယင်မှု ပြသထားသည့် ပြကွက်များကို လှည့်လည်ကြည့်ရှု အားပေးကြသည်။



အမျိုးသားပြတိုက် (နေပြည်တော်) ကို ၂၀၁၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် စတင်ဖွင့်လှစ်ပြသခဲ့သဖြင့် ယနေ့တွင် (၉) နှစ်ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ အမျိုးသားပြတိုက်(နေပြည်တော်) တွင် အဆောင်ငါးဆောင် ပါဝင်ကာ ပြခန်း ၁၃ ခန်းကို အများပြည်သူအား ဖွင့်လှစ်ပြသလျက်ရှိကြောင်းနှင့် မြန်မာ့ရက်ကန်းလက်မှုအနုပညာ အထူးပြပွဲကို ဇူလိုင် ၁၆ ရက်မှ ၂၈ ရက်အထိ အခမဲ့ ၁၀ ရက်ကြာ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

ရန်ကုန်တိုင်းဒေသကြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (Yangon Regional Tourism Development Forum) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Wyndham Grand Yangon ဟိုတယ်၌ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




ဦးစွာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ယိမ်းအဖွဲ့က “ရွှေလက်ကမ်း၍ကြိုလျက်ပါ” သီချင်းဖြင့် ကပြဖျော်ဖြေ၍ အခမ်းအနားကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ခရီးသွားဆွဲဆောင်မှု အရင်းအမြစ်များအပေါ် မူတည်၍ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြှင့်တင်ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ (DMO) များ၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်း အဖွဲ့အစည်းများ၊ ဒေသခံပြည်သူလူထုများအားလုံး တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်မှသာ အောင်မြင်မှု ရရှိနိုင်မည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းနှင့်ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်မျှော်မှန်း၍ လက်တွေ့ကျပြီး စနစ်တကျဆောင်ရွက်နိုင်သည့်အစီအမံများကို တက်ရောက်လာကြသူများအားလုံးက ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြစေလိုကြောင်း၊ ယခုဖိုရမ်မှရရှိလာမည့် ဆွေးနွေးမှု ရလဒ်များကိုလည်း အထူးဂရုပြုအလေးထားပြီး ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ (DMO) များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်တွင် ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ (DMO) များ၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များပါဝင်သည့် အဖွဲ့ ငါးဖွဲ့ ဖွဲ့၍ သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ဆွေးနွေးဆောင်ရွက်မည့် အခြေအနေနှင့် ရန်ကုန်တိုင်းဒေသကြီး၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးကို အထောက်အကူပြု စေနိုင်မည့် စီမံချက် (Yangon Regional Tourism Development Plan) ကို ရေးဆွဲနိုင်ရေးဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးပြောကြားပြီး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ယိမ်းအဖွဲ့က “သွေးချင်းတို့ရဲ့မြေ” သီချင်းဖြင့် ကပြဖျော်ဖြေသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးတို့က အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှယိမ်းအဖွဲ့နှင့် ဖိုရမ်တွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသူများကို ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ် ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဖိုရမ်ကို ဆက်လက်ကျင်းပရာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇေယျာမျိုးအောင်က ခရီးစဉ်ဒေသစီမံခန့်ခွဲမှုအဖွဲ့ (DMO) များ၏ အခန်းကဏ္ဍနှင့်လုပ်ငန်းများ ခေါင်းစဉ်ဖြင့် ဆွေးနွေးပြီး အဖွဲ့ငါးဖွဲ့ခွဲကာ အပြန်အလှန် မေးမြန်းဆွေးနွေးခြင်း၊ ဆွေးနွေးပွဲရလဒ်များကို သုံးသပ်တင်ပြခြင်းတို့ ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **သတင်းစဉ်**

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေ တိုးချဲ့ပေးဝေနိုင်ရေး စီမံဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၅**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် စွန်ရဲအင်းဒေသ နို့စားနွားမွေးမြူရေးလုပ်ငန်းနယ်မြေ၏ ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့ နံနက်ပိုင်းက အဆိုပါနယ်မြေ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် မွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်၍ တမာ၊ မန်ကျည်း၊ မဲဇလီ စသည့်လေကာပင် ၅၀၇ ပင် စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရှင်းလင်းဆောင်၌ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ နို့စားနွားမွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ်ရှိ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြပြီး တမံအတွင်း ရေသိုလှောင်ထားရှိမှု၊ တမံကြံ့ခိုင်မှုနှင့် ရေသောက်စနစ်များမှတစ်ဆင့် မိတ္ထီလာလွင်ပြင်



စိမ်းလန်းစိုပြည်ရေးအတွက် အကျိုးပြုဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တည်ဆောက်ဆဲကျိုင်းခမ်း ရေလှောင်တမံမှ ရေလွှဲပေးပို့သည့် ရေများကို ဇော်ဂျီရေလှောင်တမံမှတစ်ဆင့် မြို့ကြီးရေလှောင်တမံသို့ ရေကူးပေးပို့ထားရှိသဖြင့် ဝင်ရေစုဆောင်းသိုလှောင်နိုင်မှုပမာဏအရ မူလစီမံကိန်း ရည်ရွယ်ချက်ပါအတိုင်း ပန်းလောင်ရေသောက်စနစ်သို့ ရေပို့လွှတ်နိုင်မည့် ရေသွယ်လမ်းကြောင်း ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော အကြိုစူးစမ်းလေ့လာမှုများဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာန ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာနများအနေဖြင့် မိတ္ထီလာခရိုင်အတွင်း လက်ရှိစိုက်ပျိုးလျက်ရှိသည့် သီးနှံစိုက်ပျိုးဧကနှင့် အထွက်နှုန်းများကို စာရင်းပြုစုကောက်ယူ မှတ်တမ်းထားရှိရန် လိုအပ်ကြောင်း၊ သို့မှသာ ကင်းတားဆည်ရေ တိုးချဲ့ပေးဝေပြီးနောက် တိုးတက်လာမည့် စိုက်ဧရိယာနှင့် အထွက်နှုန်းကို နှိုင်းယှဉ်လေ့လာပြီး ဒေသ၏ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များ ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး စီမံသွားရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

မြို့ကြီးရေလှောင်တမံအနေဖြင့် မြို့ကြီးမြောင်းမတော် အမှတ်(၁)မှတစ်ဆင့် ကင်းတားလက်ယာမြောင်း၏ ရေသောက်စနစ်သို့ ရေကူးဖြည့်တင်းပေးလျက်ရှိပြီး ယခုအခါ ကင်းတားရေလွှဲဆည်မှ ရေရယူနေရသည့် ပန်းလောင်ရေသောက်စနစ်သို့ မြို့ကြီးရေလှောင်တမံမှ ရေပို့လွှတ်နိုင်ရန် ပန်းလောင်ရေသွယ်မြောင်း ဖောက်လုပ်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကာ အဆိုပါစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ပြီးပါက ကင်းတားဆည်ရေများကို ကင်းတားလက်ဝဲမြောင်းမှတစ်ဆင့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး စီမံကိန်းဒေသသို့ စိုက်ပျိုးရေ တိုးချဲ့ပေးဝေနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြစ်သားမြို့နယ် နွားကူးကြီး ကျေးရွာအနီးရှိ ကင်းတားရေလွှဲဆည်အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ဝဲပုံ)** ကင်းတားလက်ဝဲမြောင်းမကြီးမှ မိတ္ထီလာခရိုင်အတွင်း စိုက်ပျိုးရေရရှိရေးအတွက် တိုးချဲ့ဆောင်ရွက်မည့် ပဏာမစူးစမ်းလေ့လာနေမှုလုပ်ငန်းများနှင့် အမြင့်ပိုင်းစိုက်ပျိုးမြေများ ရေရရှိရေးအတွက် ရေတင်ပေးနိုင်မည့် ရေတင်စီမံကိန်းအသစ် ဆောင်ရွက်ရန်နေရာများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် အရာထမ်း၊ အမှုထမ်းအိမ်ရာများသို့ လိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၅**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝန်ကြီးဌာနများအလိုက် ဝန်ထမ်းများအတွက် ခွဲဝေချထားပေးသော နိုင်ငံတော်ပိုင် တိုက်ခန်းများတွင် နေထိုင်ခွင့်ရရှိသူများအနေဖြင့် အိမ်ရာပတ်ဝန်းကျင် သန့်ရှင်းရေး ဆောင်ရွက်မှု ရှိ မရှိ၊ ချမှတ်ထားသော အိမ်ရာများတွင် နေထိုင်ခြင်း ရှိ မရှိ၊ နေအိမ်ခန်းများတွင် အိမ်ထောင်စုစာရင်းအတိုင်း နေထိုင်ခြင်း ရှိ မရှိနှင့် မသက်ဆိုင်သူများ နေထိုင်မှုမရှိစေရေး သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်ရှိ တိုက်အမှတ် (၂၂၁၆)သို့ ရောက်ရှိပြီး အိမ်ရာတွင် ရေ၊ မီးရရှိမှု၊ LED မီးတပ်ဆင်ထားရှိမှု၊ အဆောက်အဦ ကြံ့ခိုင်မှု၊ အိမ်ထောင်စုစာရင်းအတိုင်း နေထိုင်မှု ရှိ မရှိနှင့် အိမ်ရာပတ်ဝန်းကျင်၌ သီးပင်စားပင်များ စိုက်ပျိုးထားရှိမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက အိမ်ရာများတွင် နေထိုင်ကြသော အရာထမ်း၊ အမှုထမ်းများအနေဖြင့် မိမိတို့ တိုက်ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေး စုပေါင်းဆောင်ရွက်ကြရန်၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်ရန်၊ ဝန်ထမ်းအိမ်ရာ စည်းကမ်းများနှင့်အညီ နေထိုင်ကြရန်၊ လျှပ်စစ်မီး လုံခြုံရေးနှင့်ပတ်သက်၍ အရေးပေါ်ဆောင်ရွက်ရန်နှင့် အိမ်ရာပတ်ဝန်းကျင်ရှိ မြေလွတ် မြေလပ်များတွင် သီးပင်စားပင်များ စိုက်ပျိုးထားရှိကြရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တိုက်ခန်းနေမိသားစုများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# အမျိုးသမီးများ ဝင်ငွေတိုးရေး ဆောင်ရွက်ခြင်းဖြင့် တစ်နိုင်တစ်ပိုင် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်လုပ်ကိုင်

**မကွေး ဇူလိုင် ၁၅**

သမဝါယမနှင့် ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အမျိုးသမီးများ ဝင်ငွေတိုးရေး ဆောင်ရွက်မည့် စီမံကိန်းတန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှု (Bakery & Snack) အခြေခံ နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက အဆိုပါရုံး သင်တန်းခန်းမ၌ကျင်းပရာ အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊



ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် သင်တန်းသူများ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနသည် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ရေးအတွက် နည်းပညာပံ့ပိုးပေးခြင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ လုပ်ငန်း မှတ်ပုံတင်ပေးခြင်း၊ ဓာတ်ခွဲ စမ်းသပ်ပေးခြင်းများ၊ သုတေသန တီထွင်စမ်းသပ်ခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မကွေးတိုင်းဒေသကြီး အနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် စီမံကိန်း ၁၆ ခု အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အမျိုးသမီးများ ဝင်ငွေတိုးရေး ဆောင်ရွက်ခြင်းဖြင့် တစ်နိုင်တစ်ပိုင် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင် လုပ်ကိုင်လာနိုင်ခြင်း၊ ကုန်ထုတ်လုပ်ငန်းများ ပေါ်ထွန်းလာခြင်းတို့ကြောင့် မိသားစုဝင်ငွေ တိုးပွားလာပြီး နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်မည် ဖြစ်ပါကြောင်း၊ လုပ်ငန်းထူထောင်သူ ငါးဦးကို လုပ်ငန်း အစပြုဆောင်ရွက်နိုင်ရန် အသေးစားစက်မှု လက်မှုလုပ်ငန်း ဦးစီးဌာနမှ ငွေကျပ် ၁၄ သိန်းနှင့် ညီမျှသည့် စက်ပစ္စည်းများကို သုံးစွဲခွင့် ပေးအပ်မည်ဖြစ်ပြီး လုပ်ငန်းထူထောင်သူ တစ်ဦးလျှင် ကုန်ကြမ်းမတည် ထည့်ဝင်ငွေကျပ် နှစ်သိန်းအား ထည့်ဝင်သွားစေမည်ဖြစ်ကြောင်း ပြောကြားသည်။ (ဝဲပုံ)

ထို့နောက် မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စုစုခိုင်က စီမံကိန်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းတွင် သင်ကြားပို့ချမည့် သင်ထောက်ကူ ပစ္စည်းများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါ စားသောက်ကုန်ထုတ်လုပ်မှု (Bakery & Snack) အခြေခံ နည်းပညာသင်တန်းတွင် သင်တန်းသူ ၁၅ ဦးအား သင်တန်းနည်းပြများက Cookie အမျိုးမျိုး၊ နံကထိုင်အမျိုးမျိုး၊ ဒိုးနပ်အမျိုးမျိုး၊ ကိတ်ခြောက်၊ ကိတ်မုန့်အမျိုးမျိုး၊ ပေါင်မုန့်အမျိုးမျိုး၊ ပဲချောင်း၊ ပဲခွေ၊ အီလည်လည်မုန့်၊ ခါကြာသေးပြုလုပ်နည်း စသည်တို့ကိုတစ်ပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ကို (ဖန်ခါးမြေ)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၁၅-၇-၂၀၂၄)၊ ည (၈:၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၁၄-၇-၂၀၂၄) ရက်နေ့၊ ည (၆:၀၀)နာရီမှ (၁၅-၇-၂၀၂၄)ရက်နေ့၊ ည (၆:၀၀)နာရီအထိ (၂၄)နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူလူနာသစ် (၉၆) ဦးရှိခဲ့ပြီး ၎င်းတို့အနက် (၁၃)ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏ အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၁၅-၇-၂၀၂၄)ရက်နေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ (၈၂)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့သဖြင့် (၁၅-၇-၂၀၂၄) ရက်နေ့၊ ညနေ (၆:၀၀)နာရီအထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သော လူနာစုစုပေါင်း (၆၁၃)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေမှုနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ သန်လျင်မြို့နယ်နှင့် ခရမ်းမြို့နယ်တို့တွင် ရေသန့်စင်စက် တပ်ဆင်ထားသော ကားများဖြင့် သောက်ရေသန့်ပေးဝေခြင်းဆောင်ရွက်



**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားလျက်ရှိသော မြို့နယ်အချို့တွင် သောက်ရေသန့်ရရှိရေး အထူးစီမံချက်ဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနတို့ ပူးပေါင်း၍ သန်လျင်မြို့နယ်နှင့် ခရမ်းမြို့နယ်များတွင် ရေသန့်စင်စက် တပ်ဆင်ထားသော ကားများဖြင့် ရေထွက်ပင်ရင်းမှ ရေကို တိုက်ရိုက်စုပ်ယူကာ Ceramic Membrane Filtration Systemကို အသုံးပြု၍ စနစ်တကျသန့်စင်ပေးပြီး သောက်သုံးရန်အတွက် အသင့်ဖြစ်သော သောက်ရေသန့်ပေးဝေခြင်းကို ဆောင်ရွက်လျက်ရှိသည်။

သောက်ရေသန့် ပေးဝေခြင်းကို ဇူလိုင် ၁၃ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိရာ ယင်းနေ့တွင် ခရမ်းမြို့နယ် (၇)ရပ်ကွက် (၉)ရပ်ကွက်၊ (၁၀) ရပ်ကွက်ရှိ ရပ်ကွက် ရေလှောင်ကန်များမှ ရေဂါလန် ၉၅၀ ရယူသန့်စင်ပြီး အိမ်ထောင်စု ၄၃၃ စုကို သောက်ရေသန့် ပေးဝေခဲ့သည်။ ဇူလိုင် ၁၄ ရက်တွင် သန်လျင်မြို့နယ် မြို့ဟောင်းရပ်ကွက်တွင် ရေဂါလန် ၁၈၀၀ ကိုသန့်စင်ပြီး အိမ်ထောင်စု ၁၂၀ ကိုလည်းကောင်း၊ ခရမ်းမြို့နယ် (၇)ရပ်ကွက်ရှိ ရပ်ကွက် ရေလှောင်ကန်မှ ရေဂါလန် ၇၅၀ ရယူသန့်စင်ပြီး အိမ်ထောင်စု ၇၅ စုကို လည်းကောင်း သောက်ရေသန့် ပေးဝေခဲ့သည်။ ဇူလိုင် ၁၄ ရက် မွန်းလွဲပိုင်းအထိ သန်လျင်နှင့် ခရမ်းမြို့နယ်များတွင် အိမ်ထောင်စု ၆၂၈ စုအတွက် စုစုပေါင်း သောက်ရေသန့် ဂါလန် ၃၅၀၀ ကို ပေးဝေနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## သန်လျင်မြို့နယ်အတွင်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး ရေသန့်စက်ရုံများနှင့် အခြေခံပညာကျောင်းများအား တိုင်းဒေသကြီးဝန်ကြီး ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၅**

သန်လျင်ခရိုင် သန်လျင်မြို့နယ်အတွင်း မိုးရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ရေသန့်စက်ရုံများနှင့် အခြေခံပညာကျောင်းများကို ယနေ့နံနက်စနာရီတွင် ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး ဦးဇော်ဝင်း လာရောက်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)**



ရှေးဦးစွာ သန်လျင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် တိုင်းဒေသကြီးဝန်ကြီးအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သိုက်ဝင်းက ခရိုင်အတွင်းရှိ မြို့နယ်များတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများ၊ သန်လျင်ခရိုင်အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာချောနန္ဒီနှင့် ခရိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်း ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးသည် မြို့နယ်အတွင်းရှိ ရေသန့်စက်ရုံများ၊ အခြေခံပညာကျောင်းများသို့ သွားရောက်၍ သန့်ရှင်းသော သောက်သုံးရေများကို FDA ၏ စစ်ဆေးခွင့်ပြုချက်ဖြင့် စနစ်တကျ ထုတ်လုပ်ဆောင်ရွက်သွားရန်၊ ကျောင်းမုန့်ဈေးတန်းနှင့် အများသုံး သန့်စင်ခန်းများတွင် လက်ဆေးဆပ်ပြာနှင့် ရေလုံလောက်စွာထားရှိရေး၊ ကျောင်းကျန်းမာရေးအဖွဲ့၏ စိစစ်ခွင့်ပြုချက်ဖြင့် ကျောင်းသားကျောင်းသူများအား သန့်ရှင်းသော အစားအစာများ ရောင်းချပေးနိုင်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးသည် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါပိုးတွေ့လူနာ၏ နေအိမ်သို့ သွားရောက်၍ မိသားစုအားအားပေးစကား ပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## တာမွေမြို့နယ်၌ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး အသိပညာပေး

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းကော်မတီနှင့် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုတို့ ပူးပေါင်း၍ ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ပတ်သက်သည့် အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို တာမွေမြို့နယ်ရှိ အဆိုပါအသင်းရုံး၌ ဇူလိုင် ၁၄ ရက်က ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုးအောင်က အမှာစကားပြောကြားပြီး ကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်စန္ဒာအေးက ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားမှုအခြေအနေများ၊ ရောဂါပိုးကူးစက်ပုံ၊ ရောဂါလက္ခဏာများ၊ ရောဂါကြိုတင်ကာကွယ်နိုင်သော နည်းလမ်းများ၊ ရောဂါဖြစ်ပွားပါက လိုက်နာဆောင်ရွက်ရမည့်နည်းလမ်းများကို ဟောပြောပြီး အားဖြည့်ဓာတ်ဆားထုပ်များ၊ ကလိုရင်းအမှုန့်များနှင့် အသိပညာပေးပိုစတာများ၊ လက်ကမ်းစာစောင်များကို အသင်းဥက္ကဋ္ဌ ဦးစံရှိန်ထံ ပေးအပ်သည်။

မြို့နယ်အတွင်း ရောဂါကူးစက်ပြန့်ပွားမှုကို ဆက်လက်ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာန/အဖွဲ့အစည်းများက အသိပညာပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **နိုင်လင်းအောင်(ပြန်/ဆက်)**

## မြစ်ကြီးနားမြို့နယ် မော်ဖောင်း(၁) စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကျင်းပ

**မြစ်ကြီးနား ဇူလိုင် ၁၅**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာရှိ မော်ဖောင်း (၁) စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်တင်မြှောက်ပွဲကို မော်ဖောင်းကျေးရွာ ပြည်သူ့ခန်းမ၌ ဇူလိုင်ပထမပတ်က ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်နိုင်နိုင်မော်က အမှာစကားပြောကြားပြီး အသင်းအမှုဆောင်အဖွဲ့၏ အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ၊ ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးအတည်ပြုပြီးနောက် စုဆောင်းငွေပေါ်အတိုးငွေကျပ် ၁၀၅၈၃၄၀၀ ထုတ်ပေးပြီး အသင်းသား အသင်းသူများအား ဆင်းဇကရီ (၃) ဆန်များ ပေးအပ်သည်။

ဆက်လက်၍ အသင်းဖွဲ့စည်းရေးကော်မတီဥက္ကဋ္ဌ မြို့နယ်သမဝါယမဦးစီးအရာရှိက အမှုဆောင်အဖွဲ့ဝင်ငါးဦးနှင့် အသင်းသားစာရင်းစစ်နှစ်ဦးတို့ကို ရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မအူပင်မြို့နယ်၌ ငရုတ်ကို တစ်နှစ်ပတ်လုံးစိုက်ပျိုး



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ငရုတ်သီးနှံကို နှစ်စဉ်စိုက်ပျိုးကြပြီး မိုးကြိုငရုတ်၊ မိုးရာသီငရုတ်နှင့် ဆောင်းငရုတ်ဟူ၍ တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း၊ မိုးကြိုငရုတ်ကို မတ်လနှင့် ဧပြီလတို့တွင် စိုက်ပျိုးပြီး ဇွန်လတွင် စတင်ခူးဆွတ်ရကြောင်း၊ ဈေးနှုန်းဈေးကွက်အနေဖြင့် ငရုတ်သီးစိမ်း တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀ ဖြင့် ဒေသတွင်း၌ အဓိကထားရောင်းချ၍ ပိုလျှံသည့် ငရုတ်သီးများကို ရန်ကုန်မြို့ သီရိမင်္ဂလာဈေးနှင့် ကြည့်မြင်တိုင်ဈေးတို့သို့ တင်ပို့ရောင်းချကြကြောင်း၊ ငရုတ်စိုက်ပျိုးရာတွင် ကုန်ကျစရိတ်သက်သာပြီး အထွက်နှုန်းနှင့် ဈေးနှုန်းများကောင်းမွန်၍ အကျိုးအမြတ်ရရှိသည့်အတွက် ငရုတ်စိုက်တောင်သူများအနေဖြင့် ငရုတ်သီးနှံကို တိုးချဲ့စိုက်ပျိုးကြကြောင်း သိရသည်။

DOCA (ဧရာဝတီ)

# ဝက်လက်မြို့နယ်ထွက် နှမ်းနက်သီးနှံ ဈေးကောင်းရ

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပြီး နွေသီးနှံစိုက်ပျိုးရာတွင် နှမ်းအနက်ကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ဧပြီလတွင် ကြဲပက်စနစ်ဖြင့် စတင်စိုက်ပျိုးပြီး ဇွန်လတွင် ထွက်ပေါ်လေ့ရှိကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ ရိတ်သိမ်းခနှင့် လုပ်သားခ အပါအဝင် တစ်ကေလျှင် စုစုပေါင်းငွေကျပ် ၉၃၀၀၀၀ ခန့်ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် တစ်ကေလျှင် ၁၀–၁၅ တင်းခန့် ထွက်ရှိရာ တောင်သူတစ်ဦးချင်းစီ၏ သွင်းအားစုသုံးစွဲမှု၊ စိုက်ခင်းပြုစုပျိုးထောင်မှုမတူညီခြင်းကြောင့် အထွက်နှုန်း ကွာခြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် နှမ်းအနက်တစ်တင်းလျှင် ငွေကျပ် ၁၅၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ကေအကျိုးအမြတ်မှာ ၁၀ တင်းနှုန်းဖြင့် တွက်ချက်ပါက ငွေကျပ် ၅၇၀၀၀၀ ခန့်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဝက်လက်မြို့နယ်မှ ထွက်ရှိသောနှမ်းများကို ရွှေဘိုမြို့နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။



DOCA (စစ်ကိုင်း)

# မင်းလှမြို့နယ်၌ သကြားပြောင်းဖူးများ လှိုင်လှိုင်ထွက်ပေါ်

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာအုပ်စု ဥယျာဉ်ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ပြီး နှမ်း၊ ကုလားပဲ၊ စားတော်ပဲ၊ ပဲကြီး၊ ကြက်သွန်နီ၊ ဝါ၊ နေကြာနှင့် အခြားမီးဖိုချောင်သုံးသီးနှံများကို ရာသီအလိုက်စိုက်ပျိုးကြပြီး ပြောင်းသီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း သိရသည်။

ပြောင်းသီးနှံကို မေလတွင် စတင်စိုက်ပျိုး၍ ဇူလိုင်လတွင် ထွက်ပေါ်လျက်ရှိပြီး မျိုးအနေဖြင့် သကြားပြောင်းနှင့် ပြောင်းစီးမျိုးများကို စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ကေလျှင် စုစုပေါင်း ငွေကျပ် ၈၄၀၀၀၀ ခန့်ကုန်ကျကြောင်း၊ လက်ရှိအချိန်တွင် သကြားပြောင်းများ လှိုင်လှိုင်ထွက်ပေါ်လျက်ရှိပြီး အထွက်နှုန်းအနေဖြင့် တစ်ကေလျှင် သကြားပြောင်းဖူး အရေအတွက် အဖူး ၉၀၀၀ ကျော် ထွက်ရှိကြောင်း၊ ဈေးနှုန်းဈေးကွက်အနေဖြင့် ပြောင်းဖူး အကြီးအသေးအလိုက် လက်ကားဈေး တစ်ဖူးလျှင် ငွေကျပ် ၃၀၀–၃၅၀ ဖြင့် ရောင်းချရပြီး အကျိုးအမြတ်အနေဖြင့် တစ်ကေလျှင် ငွေကျပ်သိန်း ၂၀ ခန့် ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ဥယျာဉ်ကျေးရွာမှထွက်ရှိသော သကြားပြောင်းများကို အထက်မင်းလှမြို့နှင့် မင်းလှ – သရက် – မလွန် ကားလမ်းမဘေးရှိ ပြောင်းဖူးဒိုင်များသို့ တင်ပို့ရောင်းချရကြောင်း သိရသည်။

DOCA (မကွေး)



# ကန့်ဘလူခရိုင်၌ ကွမ်းဈေးနှုန်းကျဆင်း၍ အရောင်းအဝယ်ကောင်း

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ကြပြီး ကွမ်းများကို ယာကွက်များ၌လည်းကောင်း၊ နေအိမ်ခြံဝင်းများ၌လည်းကောင်း စိုက်ပျိုးကြသည်။

ကန့်ဘလူခရိုင်အတွင်း ဖြစ်ပေါ်နေသော ကွမ်းဈေးနှုန်းများ အနေဖြင့် အရည်အသွေးအပေါ် မူတည်၍ ဇူလိုင်လဒုတိယပတ်တွင် ကွမ်းရွက် (ရှယ်) တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ဖြင့်လည်းကောင်း၊ ကွမ်းရွက် (ရိုးရိုး) တစ်ပိဿာလျှင် ငွေကျပ် ၁၅၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကန့်ဘလူမြို့နယ်မှ ထွက်ရှိသော ကွမ်းရွက်များကို ကန့်ဘလူမြို့၊ ကျွန်းလှမြို့နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဇွန်လနောက်ဆုံးပတ်တွင် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက ဇူလိုင်လဒုတိယပတ်တွင် ကွမ်းဈေးနှုန်းများကျဆင်း၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

DOCA (စစ်ကိုင်း)

## ၁၅.၇.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၅၆၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၇၅၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | - | ၁၇၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၄၀၀ | ၁၁၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၅၀၀ | ၁၆၅၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၁၅၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၅ | မော်လမြိုင် | ၃၀၀၀ | | ၅၀၀၀ | ၁၇၀၀၀ | ၆၀၆၀ | ၉၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၄၂၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၆၃၁၅ | ၁၁၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၆၅၀၀ | ၆၄၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၅၀၀ | ၁၀၀၀၀ | ၁၀၀၀ | ၈၈၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၃၀၀ | ၅၁၀၀ | ၁၇၅၀၀ | ၁၉၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၈ | ရန်ကုန် | ၃၂၀၀ | | ၅၄၀၀ | ၁၈၀၀၀ | ၅၈၁၅ | ၁၀၀၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၃၀၀ | ၇၀၀၀ | ၄၅၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၉ | ပုသိမ် | ၃၂၀၀ | | ၅၀၀၀ | ၁၆၀၀၀ | ၆၀၅၀ | ၅၅၀၀ | ၂၄၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၅၅၀ | ၃၀၀၀ | ၆၁၀၀ | ၁၅၀၀၀ | ၆၆၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၈၃၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၈၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၂၀၀ | | ၅၉၀၀ | ၁၆၅၀၀ | ၆၂၆၅ | ၁၁၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၂၀၀ | ၆၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၂၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၅၀၀၀ | ၆၃၀၀ | ၁၁၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၈၅၀၀ | ၇၅၀ | ၈၀၀၀ | ၇၅၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၄ | မကွေး | ၃၃၀၀ | | ၅၅၀၀ | ၁၆၀၀၀ | ၆၁၀၀ | ၁၁၀၀၀ | ၂၃၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၃၄၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၁၀၀ | | ၅၃၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၄၂၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၄၀၀၀ | ၅၉၀၀ | ၈၅၀၀ | ၂၆၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၃၀၀ | ၅၀၀၀ | ၃၆၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၃၀၀ | ၁၅၈၀၀ | ၆၁၇၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၂၈၀၀ | ၁၃၄၀၀ | ၇၂၀၀ | ၈၅၀၀ | ၅၀၀ | ၈၂၀၀ | ၆၄၀၀ | ၆၂၀၀ | ၃၆၀၀ | ၅၂၀၀ | ၁၂၈၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၁၈၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၃၀၀ | ၁၆၂၀၀ | ၆၁၇၀ | ၁၂၀၀၀ | ၂၆၀၀ | ၁၃၅၀၀ | ၁၃၈၀၀ | ၇၅၀၀ | ၉၂၀၀ | ၅၀၀ | ၈၄၀၀ | ၆၄၀၀ | ၆၅၀၀ | ၃၈၀၀ | ၅၂၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၉ | ကလေး | ၃၅၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၁၁၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၁၂၅၀၀ | ၁၃၀၀ | ၉၀၀၀ | ၈၃၀၀ | ၄၅၀၀ | ၅၀၀၀ | ၄၇၀၀ | ၂၁၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် အခြေခံပညာကျောင်းများယာယီပိတ်၊ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ကူညီမှုများဆောင်ရွက်

## ကံမမြို့နယ်၌ အခြေခံပညာကျောင်း ၂၀ ယာယီပိတ်

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ ဧရာဝတီမြစ်ရေ မြင့်တက်လာမှုကြောင့် ဧရာဝတီမြစ်ကမ်းနံဘေးနှင့် မြေနိမ့်ပိုင်းများရှိ အခြေခံပညာကျောင်းများ၌ မြစ်ရေဝင်ရောက်သဖြင့် ကျောင်းသား ကျောင်းသူများ ရေဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် ဇူလိုင် ၁၅ ရက် နံနက်မှစတင်၍ အခြေခံပညာကျောင်း ၂၀ ကို ယာယီပိတ်ထားရကြောင်း သိရသည်။

မြို့နယ်အတွင်းရှိ ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းလေးကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်းတန်းကျောင်း ၁၅ ကျောင်း စုစုပေါင်း အခြေခံပညာကျောင်း ၂၀ ကို ယာယီပိတ်ထားရပြီး အဆိုပါကျောင်းများတွင် ဆရာ ဆရာမ ၁၄၀ နှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၅၇၁ ဦး ရှိကြောင်း သိရသည်။

အဆိုပါကျောင်းများကို မြစ်ရေကျဆင်းချိန်တွင် ပြန်လည်ဖွင့်လှစ်ကာ သင်ခန်းစာများ နောက်မကျစေရေးအတွက် စာသင်ချိန်များ အစားထိုးပြန်လည် သင်ကြားပေးမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။ **ကျော်ဇေယျဝင်း(ကံမ)**





## ဆင်ပေါင်ဝဲမြို့နယ်၌ ကျောင်း ၁၀ ကျောင်း ယာယီပိတ်

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ ဧရာဝတီမြစ်ရေဝင်ရောက် မြင့်တက်မှုကြောင့် အခြေခံပညာကျောင်း ၁၀ ကျောင်း မြစ်ရေဝင်ရောက်ခဲ့သဖြင့် ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ ဘေးအန္တရာယ်ကင်းဝေးစေရန်အတွက် ဇူလိုင် ၁၅ ရက် နံနက်ပိုင်းမှစပြီး ယာယီပိတ်ထားကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ဆင်ပေါင်ဝဲမြို့နယ်၌ ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ယာယီပိတ်ထားရသည့် လက်ပန်ငူကျေးရွာ၊ ကျွန်းအနောက်၊ ညံတောအင်းကျေးရွာ၊ မွန်းညောင်ပင်သာကျေးရွာ၊ ကျွန်းအလယ်၊ ဆိုင်းစုကျေးရွာ၊ ရွာလင်းကျေးရွာ၊ အလယ်ရွာကျေးရွာ၊ ရွာပြေသာကျေးရွာနှင့် ကြာအင်းကျေးရွာ တို့မှ အခြေခံပညာကျောင်းများ ယာယီပိတ်ထားခြင်းဖြစ်ကြောင်း သိရသည်။ **ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

## အင်္ဂပူမြို့နယ်အတွင်း ကျောင်းခြောက်ကျောင်း ယာယီပိတ်

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းဝင်းအတွင်း ဧရာဝတီမြစ်နှင့် ငဝန်မြစ်ရေဝင်ရောက်သဖြင့် အခြေခံပညာကျောင်း ခြောက်ကျောင်း ယာယီပိတ်ထားလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှသိရသည်။

မြစ်ရေဝင်ရောက်သဖြင့် အင်္ဂပူမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) နှစ်ကျောင်း၊ မူလတန်းကျောင်းလေးကျောင်း စုစုပေါင်း ခြောက်ကျောင်းတို့ကို ဇူလိုင် ၁၅ ရက်မှ ၂၁ ရက်အထိ ယာယီပိတ်ထားကြောင်း သိရသည်။ **မန်းကျော်(ပြန်/ဆက်)**

## အောင်လံမြို့နယ်၌ ကျောင်းသုံးကျောင်းပိတ်

မကွေးတိုင်းဒေသကြီး အောင်လံမြို့၌ ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် အခြေခံပညာကျောင်းသုံးကျောင်း ယာယီပိတ်ထားကြောင်း သိရသည်။

ဧရာဝတီမြစ်ရေ စိုးရိမ်ရေအမှတ်ထက် ကျော်လွန်၍ မြင့်တက်လာမှုကြောင့် ကျောင်းဝင်းအတွင်း၌ မြစ်ရေများ ဝင်ရောက်လာခြင်းကြောင့် ဇူလိုင် ၁၅ ရက်မှစတင်၍ မွေရိုးကျေးရွာရှိ အထက(ခွဲ)ကျောင်း၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းအပါအဝင် ကျောင်းသားကျောင်းသူ ၁၈၁ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အထက်တန်းကျောင်း တစ်ကျောင်း၊ အလယ်တန်းကျောင်းတစ်ကျောင်းနှင့် မူလတန်းကျောင်း တစ်ကျောင်းတို့ ယာယီပိတ်ထားရကြောင်း သိရသည်။ **မျိုးသိန်း(ပြန်/ဆက်)**

## စလင်းမြို့နယ်၌ ကျွဲနွားကောင်ရေ ၂၀၀၀ ကျော်ကို ရေဘေးလွတ်ရာပြောင်းရွှေ့

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်းရှိ ဆင်မကျွန်းကျေးရွာအုပ်စုနှင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် နေထိုင်ကြသည့် ကျေးလက်နေပြည်သူများ၏ ကျွဲနွားတိရစ္ဆာန်များကို ချောက်မြို့နယ်မှ ဇက်သင်္ဘောများဖြင့် ဘေးလွတ်ရာသို့ ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

စလင်းမြို့နယ်အတွင်းရှိ ဆင်မကျွန်းကျေးရွာအုပ်စုတွင် ဇူလိုင် ၁၃ ရက်မှစတင်၍ ဧရာဝတီမြစ်ရေဝင်ရောက်သဖြင့် နွား ၈၃ ကောင်ကို ရေဘေးလွတ်ရာ ချောက်မြို့နယ် ပခန်းငယ်ကျေးရွာအုပ်စု ကြပ်ဆုဘုရားဆိပ်ကမ်းသို့ လည်းကောင်း၊ ဆင်မကျွန်းကျေးရွာအုပ်စုအတွင်းရှိ ဆင်မကျွန်း၊ ဥယျာဉ်စု၊ ရေလယ်ရွာမ၊ ရေလယ်ရွာသစ်ကျေးရွာများနှင့် ဆင်ဖြူကျွန်းမြို့ ကြက်ဟင်းခါးကျွန်းကျေးရွာရှိ တောင်သူ အောင်နိုင်ဦး၏ နွားခြံမှနွား အကောင် ၁၀၀၊ ဆင်မကျွန်းကျေးရွာအုပ်စုမှ ကျန်ရှိနေသည့် နွား ၁၈၂၇ ကောင် နှင့် ထွန်စက်တစ်စီး၊ ရိတ်သိမ်းခြွေလှေ့စက်တစ်စီး၊ ထော်လာဂျီတစ်စီးတို့ကို ချောက်မြို့နယ် ပခန်းငယ်ကျေးရွာနှင့် စလင်းမြို့နယ် သရက်ချဉ်ကျေးရွာအုပ်စု ရွာသစ်ကလေးကျေးရွာသို့လည်းကောင်း ပို့ဆောင်ခဲ့ပြီး ကျန်ရှိနေသေးသည့် ရေဘေးသင့်ကျေးရွာများမှ နွားအကောင် ၅၀၀ ကို ယနေ့တွင် ဆက်လက်ပို့ဆောင်ပေးမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။ **မောင်လွင်(စလင်း)**



## သရက်မြို့၌ရှိ ရေဘေးသင့်အိမ်ထောင်စုများအား ကူညီရွှေ့ပြောင်း

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်ရှိ အမှတ်(၅)ရပ်ကွက် စမ်းအိုင့်ကျေးရွာ၊ ပိဿလိမ်းကျေးရွာနှင့် ရေပေါ်ကျွန်းကျေးရွာတို့တွင် မြစ်ကမ်းအနီးရှိ နေအိမ်များအတွင်းသို့ ဧရာဝတီမြစ်ရေများ ဝင်ရောက်လာသဖြင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဇူလိုင် ၁၄ ရက်က ဆောင်ရွက်ပေးလျက်ရှိသည်။

ကူညီကယ်ဆယ်ရေးအဖွဲ့များက မြစ်ရေဝင်ရောက်သည့် အိမ်ထောင်စုဝင်များ၏ ပစ္စည်းများကို ရေလွတ်ရာသို့ ကူညီသယ်ဆောင်ပေးခြင်း၊ လဲကျသစ်ပင်များကို ခုတ်ထွင်ရှင်းလင်းပေးခြင်းနှင့် ဆန်ဖိုးရိက္ခာငွေကူညီထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။ အဆိုပါ မြစ်ရေဝင်ရောက်လာမှုကြောင့် သရက်မြို့နယ်ရှိ အမှတ်(၅) ရပ်ကွက်၊ လေးတိုင်စင်ကျေးရွာ၊ စမ်းအိုင့်ကျေးရွာ၊ ဆင်သေကျေးရွာ၊ မြင်ဘာကျေးရွာ၊ လက်ပံဆိပ်ကျေးရွာ၊ ကျဦးကျေးရွာနှင့် ပိဿလိမ်း(ကျင်း)ကျေးရွာများမှ အိမ်ခြေ ၂၉၁ လုံး၊ လူဦးရေ ၁၂၀၃ ဦးတို့အတွက် ဆန်ရိက္ခာဖိုးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## မင်းလှမြို့နယ်၌ ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးဆိုင်ရာ အသိပညာပေး

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်၌ ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ယာယီပြောင်းရွှေ့နေထိုင်သည့် အိမ်ထောင်စုများအား ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးအသိပညာပေးခြင်းကို ဇူလိုင် ၁၄ ရက်က ညောင်ပင်သာကျေးရွာနှင့် မလွန်ကျေးရွာတို့ရှိ ရေဘေးကယ်ဆယ်ရေးစခန်းများတွင် ကွင်းဆင်းဆောင်ရွက်ရာ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးက မြစ်ရေကြီးမှုဖြစ်ပွားနေခြင်းကြောင့် မသန့်ရှင်းသောရေများ သောက်သုံးခြင်းမပြုရန်၊ ရေကိုကျိုချက်၍ သောက်သုံးရန်၊ ဝမ်းပျက်ဝမ်းလျှောရောဂါ လက္ခဏာများဖြစ်ပေါ်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အချိန်မီ ကုသခြင်းဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

အလားတူ ယင်းနေ့ နံနက်ပိုင်းက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မလွန်ကျေးရွာမှ ဧရာဝတီမြစ်ရေဝင်ရောက်၍ စာကြောစာသင်တိုက်ကယ်ဆယ်ရေးစခန်း၌ ယာယီပြောင်းရွှေ့နေထိုင်သည့် ရေဘေးသင့်အိမ်ထောင်စု ၅၂ စုမှ လူဦးရေ ၁၉၃ ဦးအတွက် တစ်ဦးလျှင် ဆန်ရိက္ခာဖိုး ကျပ် ၂၁၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၄၀၅၃၀၀ ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းအောင်၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှူး ဒေါ်ဇင်နီလာဦးနှင့်ဝန်ထမ်းများက ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **ဇာဇာ(အထက်မင်းလှ)**




## မင်းဘူးမြို့ ရေဘေးရှောင်စခန်းများသို့ သောက်ရေ၊ သုံးရေနှင့် စားသောက်ဖွယ်ရာများလှူဒါန်း

**မင်းဘူး ဇူလိုင် ၁၅**

မကွေးတိုင်းဒေသကြီးမင်းဘူးမြို့ အမှတ်(၃) ရပ်ကွက်တွင် ချမ်းသာကြီးကျောင်းဝင်း အ.ထ.က(၁) အားကစားကွင်း စက္ကိန်းတဲဘုရား ပရိဝုဏ်အတွင်းနှင့် အမှတ်(၄) ရပ်ကွက်တွင် မှန်ကင်းကျောင်းဝင်း၊ ကြောင်လိန်ဘုရားပရိဝုဏ်အတွင်းနှင့် ရှင်မင်းဘူးဘုန်းတော်ကြီးကျောင်းဝင်းများတွင် ရေဘေးရှောင်စခန်းများ ဖွင့်လှစ်ထားရှိရာ အဆိုပါ ရေဘေးကယ်ဆယ်ရေး စခန်းများသို့ ဇူလိုင် ၁၄ ရက် ညနေပိုင်းက သောက်ရေ၊ သုံးရေနှင့် စားသောက်ဖွယ်ရာများ လာရောက်လှူဒါန်းပေးလျက်ရှိကြောင်း ချမ်းသာကြီး ပရဟိတအဖွဲ့ဥက္ကဋ္ဌ ဦးသက်ထွန်းထံမှ သိရသည်။

ရေဘေးရှောင် စခန်းများသို့ ကျောက်တန်းကျေးရွာ(AAA) သောက်ရေသန့်နှင့် လောဟိတဒါန လူမှုကယ်ဆယ်ရေးအဖွဲ့မှ လီတာ ၂၀ သောက်ရေသန့် ဘူး ၂၁၀၊ အမှတ် (၄) ရှမ်းစုရပ်ကွက်မှ ဦးသန်းဇော်လင်းက ရေဂါလန် ၂၀၀ ဆံ့ ကားသုံးစီး၊ ချမ်းသာကြီး ကျောင်းထိုင်ဆရာတော် ရှင်ပညာသီရိနှင့် တပည့်ဒါယကာ၊ ဒါယိကာမများမှ ကြာဆံချက်များနှင့် မှန်ကင်းကျောင်းတွင် အလှူရှင်များက စမူဆာများ ကျွေးမွေး လှူဒါန်းခဲ့ကြောင်း သိရသည်။ **ဇေယျာထက်(မင်းဘူး)**



ငဖဲမြို့နယ်၌ လျှပ်စစ်ဘေးအန္တရာယ် ကျရောက်လာပါက ထိရောက်လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေး မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးနိုင်လင်းဦးနှင့် တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေး လေ့ကျင့်သရုပ်ပြသမှုကို ဇူလိုင်လ ဒုတိယပတ်က ဆောင်ရွက်စဉ်။ မယု(ငဖဲ)

# သေနတ်ပစ်ခတ်ခံရမှုဖြစ်ပွားပြီးနောက် တစ်ရက်အကြာတွင် ရီပတ်ဘလီကင် အမျိုးသားညီလာခံအတွက် ဝစ္စကွန်ဆင်ပြည်နယ်သို့ သမ္မတဟောင်း ဒေါ်နယ်ထရမ့် ရောက်ရှိလာ

ဝါရှင်တန် ဇူလိုင် ၁၅

**အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်သည် သေနတ်ပစ်ခတ်ခံရမှု ဖြစ်ပွားပြီးနောက် တစ်ရက်အကြာတွင် ရီပတ်ဘလီကင်အမျိုးသားညီလာခံအတွက် ဝစ္စကွန်ဆင်ပြည်နယ်သို့ ရောက်ရှိလာကြောင်း နိုင်ငံတကာ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။**




ဝစ္စကွန်ဆင်ပြည်နယ် မီလ်ဝေါကီးမြို့၌ တနင်္လာနေ့က စတင်သော ညီလာခံတွင် ရီပတ်ဘလီကင် ကိုယ်စားလှယ်လောင်းအဖြစ် ၎င်းကို တရားဝင် အမည် တင်သွင်းသွားမည်ဖြစ်သည်။ သမ္မတဟောင်း ထရမ့်သည် စနေနေ့က ပင်ဆယ်ဗေးနီးယားပြည်နယ် မဲဆွယ်စည်းရုံးပွဲတစ်ခု၌ စင်ပေါ်တက်ပြီး မကြာမီ သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရပြီး ညာဘက်နားရွက် ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ပစ်ခတ်မှုကြောင့် လူအုပ်အတွင်းမှ တစ်ဦး သေဆုံးပြီး အခြားနှစ်ဦး ပြင်းထန်ဒဏ်ရာရရှိကြောင်း သိရသည်။ အထူးထောက်လှမ်းရေးဌာနက သံသယရှိသူ သေနတ်သမားကို ရှင်းလင်းသုတ်သင်ခဲ့ကြောင်း သိရသည်။ အက်ဖ်ဘီအိုင်က ရှင်းလင်းသုတ်သင်ခံခဲ့ရသူမှာ အသက် ၂၀ အရွယ် ပင်ဆယ်ဗေးနီးယားပြည်နယ် ဒေသခံ သောမတ်စ်ခရွတ်စ်ဖြစ်သည်ဟု ဆိုသည်။

ခရွတ်စ်သည် ရီပတ်ဘလီကင်မဲဆန္ဒရှင် တစ်ဦးအဖြစ် မှတ်ပုံတင်ထားသူဟု ယူဆရပြီး ပင်ဆယ်ဗေးနီးယားပြည်နယ် အထက်တန်းကျောင်းမှ အောင်မြင်ခဲ့သူဖြစ်သည်။ အေဘီစီနယူးစ်က အဆိုပါ လူငယ်အသုံးပြုခဲ့သော ရိုင်ဖယ်မှာ ၎င်း၏ ဖခင် တရားဝင်ဝယ်ယူခဲ့သောရိုင်ဖယ်သေနတ်ဖြစ်ကြောင်း ဖော်ပြထားသည်။

နောက်ပိုင်းတွင် သံသယရှိသူ၏ ယာဉ်နှင့်နေအိမ်တွင် ဗုံးပြုလုပ်သော ပစ္စည်းများကို တွေ့ရှိခဲ့သည်ဟု တရားဥပဒေစိုးမိုးရေးအရာရှိများ၏ ပြောကြားချက်ကို အမေရိကန်မီဒီယာများက ကိုးကားဖော်ပြထားသည်။ အဆိုပါ ကိစ္စနှင့်ပတ်သက်၍ သမ္မတဂျိုးဘိုင်ဒင်က တနင်္ဂနွေနေ့ ရုပ်မြင်သံကြား မိန့်ခွန်းတွင် စည်းလုံးညီညွတ်မှုရှိကြရန် တောင်းဆိုထားသည်။

သမ္မတဘိုင်ဒင်သည် ထရမ့်နှင့်စကားပြောခဲ့ပြီး ဒဏ်ရာပြင်းပြင်းထန်ထန် မရရှိသည့်အတွက် စိတ်သက်သာရသည်ဟု ဆိုသည်။ ထို့ပြင် အမေရိကန်တွင် ယခုကဲ့သို့ အကြမ်းဖက်မှုဖြစ်ရပ်မျိုးအတွက် နေရာမရှိကြောင်းနှင့် ထိုကဲ့သို့ ဖြစ်ရပ်များကို ပုံမှန်အဖြစ် လက်မခံနိုင်ကြောင်း ၎င်းက ဆက်ပြောသည်။

**အင်န်အိတ်ချ်ကေ**

## နီပေါဝန်ကြီးချုပ်သစ်အဖြစ် နီပေါကွန်မြူနစ်ပါတီခေါင်းဆောင် အိုလီ ကျမ်းသစ္စာကျိန်ဆို

**ခတ္တမန္ဒူ ဇူလိုင် ၁၅**




**ဝန်ကြီးချုပ် အိုလီ ကျမ်းသစ္စာကျိန်ဆိုပွဲပြီးနောက် လက်မှတ်ရေးထိုးစဉ်။**

နီပေါကွန်မြူနစ်ပါတီဥက္ကဋ္ဌ ကေပီ ရှာမာအိုလီသည် နီပေါနိုင်ငံ ဝန်ကြီးချုပ်သစ်အဖြစ် ဇူလိုင် ၁၅ ရက်က သမ္မတအိမ်တော်တွင် ကျမ်းသစ္စာကျိန်ဆိုသည်။

အသက် ၇၂ နှစ်အရွယ် အိုလီ၏ ကျမ်းသစ္စာကျိန်ဆိုပွဲကို သမ္မတ ရမ်ချန်ဒရာ ပူဒယ်အမှူးပြု၍ ကျင်းပခဲ့ပြီး ယခုအကြိမ်သည် အိုလီ၏ လေးကြိမ်ဆက်တိုက် ဝန်ကြီးချုပ် တာဝန်ကို ရယူခဲ့ခြင်းလည်း ဖြစ်သည်။

ဝန်ကြီးချုပ် အိုလီနှင့်အတူ ဝန်ကြီး ၂၁ ဦးတို့လည်း ကျမ်းသစ္စာ ကျိန်ဆိုခဲ့ကြောင်း သမ္မတ၏ အကြံပေးပုဂ္ဂိုလ်ကီရန် ပေါ့ခ်ဟာရယ်က ပြောကြားသည်။ အစိုးရအဖွဲ့တွင် နီပေါကွန်ဂရက်ပါတီ ဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်ဟောင်းဖြစ်သူ ရှားဗဟာဒူရ် ဒူးဘား၏ဇနီး အာဇူ ရာနာဒူးဘားက နိုင်ငံခြားရေးဝန်ကြီး ဖြစ်လာသည်။ အိုလီသည် ဇူလိုင် ၁ ရက်ညတွင် နီပေါကွန်ဂရက်ပါတီနှင့် သဘောတူညီချက်အရ လေးပါတီညွန့်ပေါင်းအစိုးရ၏ အကြီးအကဲဖြစ်လာခဲ့ပြီး ဇူလိုင် ၁၄ ရက်တွင် နီပေါဝန်ကြီးချုပ်သစ်အဖြစ်အမည်စာရင်း တင်သွင်းခံခဲ့ရသည်။

အောက်လွှတ်တော်ရှိ အင်အားကြီးပါတီများ ဖြစ်သည့် နီပေါကွန်ဂရက်ပါတီနှင့် နီပေါကွန်မြူနစ်ပါတီတို့သည်လာမည့် အထွေထွေရွေးကောက်ပွဲမတိုင်မီ ၂၀၂၇ ခုနှစ်အထိ အလှည့်ကျ ဝန်ကြီးချုပ်ရာထူးကို ရယူရန် သဘောတူညီခဲ့ကြသည်။

**ဆင်ဟွာ**

## ကြက်ငှက်တုပ်ကွေးအန္တရာယ် သုံးဆတိုးလာနိုင်ကြောင်း ဩစတြေးလျပညာရှင်များက သတိပေး

**ကင်ဘာရာ ဇူလိုင် ၁၅**

ဩစတြေးလျနိုင်ငံသည် ကြက်ငှက်တုပ်ကွေးရောဂါ အမျိုးအစားသုံးမျိုးမှ မကြုံစဖူး ခြိမ်းခြောက်မှုနှင့် ရင်ဆိုင်နေရကြောင်း အမျိုးသားသိပ္ပံအေဂျင်စီမှ ကျွမ်းကျင်သူများက ပြောသည်။ ဓနသဟာယသိပ္ပံနှင့်စက်မှုသုတေသနအဖွဲ့၏ ဩစတြေးလျရောဂါ ကြိုတင်ပြင်ဆင်ရေးဗဟိုဌာနမှ ပညာရှင်များဖြစ်သည့် ဒယ်ဘီအီးဂဲစ်နှင့် ဖရန့်ခ်ဝေါင်တို့က ဩစတြေးလျတွင် ပြင်းထန်သည့် ရောဂါဖြစ်စေနိုင်သော H7 ကြက်ငှက်တုပ်ကွေးမျိုးကွဲ သုံးမျိုးကို ၂၀၂၄ ခုနှစ်တွင် တွေ့ရှိခဲ့ကြောင်း ဇူလိုင် ၁၅ ရက်က သတိပေး ပြောကြားသည်။

အရှေ့တောင်ပိုင်း ပြည်နယ်များဖြစ်သည့် ဗစ်တိုးရီးယား၊ နယူးဆောက်သ်ဝေးနှင့် ဩစတြေးလျနိုင်ငံ မြို့တော်နယ်မြေတို့ရှိ ကြက်ခြံများမှ ကြက်ကောင်ရေ ၅၀၀၀၀၀ ကျော်ကိုလည်း ရောဂါကူးစက်နိုင်သည့်အတွက် သုတ်သင်ခဲ့ရသည်။ ကျွမ်းကျင်သူများသည် တစ်ပြိုင်နက်တည်း ဖြစ်ပွားနေသည့် ရောဂါများ၏ နောက်ကွယ်မှ အကြောင်းရင်းကို ဖော်ထုတ်နိုင်ခြင်း မရှိသေးကြောင်း အေအေပီသတင်းဌာနသို့ ဝေါင်က ပြောကြားသည်။

ဇူလိုင်လအစောပိုင်းတွင် ပြည်ထောင်စုအစိုးရသည် ပြင်းထန်ကြက်ငှက်တုပ်ကွေးရောဂါ H5 (HPAI) ဖြစ်ပွားနိုင်ခြေအတွက် ကြိုတင်ပြင်ဆင်မှုများမြှင့်တင်ရန် ရန်ပုံငွေဩစတြေးလျဒေါ်လာ ၆ ဒသမ ၉ သန်း (အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ သန်း)ကို ထုတ်ပေးရန် ကတိပြုခဲ့သည်။

**ဆင်ဟွာ**

## ဟီရိုရှီးမားအဏုမြူဗုံးကြောင့် သေဆုံးခဲ့သော မိန်းကလေးရုပ်တု အမေရိကန်ပန်းခြံ၌ ပျောက်ဆုံးနေ

**ဝါရှင်တန် ဇူလိုင် ၁၅**

၁၉၄၅ ခုနှစ်တွင် အမေရိကန်က ဟီရိုရှီးမားမြို့ကို အဏုမြူဗုံးကြဲချမှုကြောင့် ရေဒီယိုဓာတ်ရောင်ခြည်သင့်ပြီး သွေးကင်ဆာဖြင့် သေဆုံးခဲ့သော မိန်းကလေး တစ်ဦး၏ ရုပ်တုမှာ အမေရိကန်ပြည်ထောင်စု ပန်းခြံတစ်ခုအတွင်းမှ ပျောက်ဆုံးသွားကြောင်း သိရသည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်ပြီး ရဲတပ်ဖွဲ့က ခိုးမှုအဖြစ် စုံစမ်းစစ်ဆေးလျက်ရှိသည်။ ရုပ်တု၏ခြေဖဝါးအပိုင်းသာ ကျန်ပြီး သောကြာနေ့က ဆီယက်တဲလ်မြို့ရှိ ငြိမ်းချမ်းရေးပန်းခြံမှ ဆာဆာကီဆာဒါကို ရုပ်တုပျောက်ဆုံးနေသည်ကို တွေ့ရှိကြောင်း ဒေသမီဒီယာများက ပြောသည်။

လူထုအဖွဲ့အစည်း တစ်ခုက ယင်းမတော်တဆမှုနှင့်ပတ်သက်ပြီး သတ္တုအပိုင်းအစ အရောင်းအဝယ်ပြုလုပ်သော သူများထံသို့ အကြောင်းကြားထားကြောင်း ဒေသတွင်း ရုပ်မြင်သံကြား တစ်ခုက အစီရင်ခံ ဖော်ပြထားသည်။ ကြေးနီဈေးနှုန်းများ တစ်ဟုန်ထိုးမြင့်တက်နေသောကြောင့် အဆိုပါ ရုပ်တုကို ပစ်မှတ်ထားခဲ့ခြင်းဖြစ်မည်ဟု ထင်ကြေးပေး ပြောဆိုမှုများရှိနေသည်။



ဆာဒါကိုသည် ကျန်းမာရေး ပြန်လည်ကောင်းမွန်ရေးအတွက် ဆုတောင်းရန် စက္ကူကြိုးကြာရုပ်များ ထောင်ချီခေါက်နေခဲ့သော်လည်း အသက် ၁၂ နှစ်အရွယ်တွင် သေဆုံးခဲ့သည်။ ယင်းရုပ်တုကို ၁၉၉၀ ပြည့်နှစ်တွင် အမှတ်တရအဖြစ် ပြုလုပ်ခဲ့ကြောင်းနှင့် ယင်းစီမံကိန်းကို ငြိမ်းချမ်းရေး တက်ကြွလှုပ်ရှားသူ ဖလွိုက်ရှမိုးက ရန်ပုံငွေထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ ၂၀၀၃ ခုနှစ်တွင် ရုပ်တု၏ ညာဘက်လက်မောင်းကို ဖြတ်တောက်ခံရသည့် ခိုးမှု ဖြစ်ပွားခဲ့သည်။ ရှစ်လအကြာတွင် ဂျပန်နှင့်အမေရိကန်တို့တွင် ရရှိခဲ့သော ရန်ပုံငွေများကို အသုံးပြုကာ ယင်းရုပ်တုကိုပြန်လည်ပြုပြင်ခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## အာဖဂန်၌ ရုတ်တရက်ရေကြီးပြီး လူငါးဦးသေဆုံး

**အက်စ်ဆာဒါဘတ် ဇူလိုင် ၁၅**

အာဖဂန်နစ္စတန်နိုင်ငံ ကူနာပြည်နယ်၌ ရုတ်တရက်ရေကြီးရေလျှံဖြစ်ပြီး လူငါးဦးထက်မနည်းသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ အရာရှိတစ်ဦးက ပြောသည်။ ကူနာပြည်နယ်မြို့တော် အဆာဒါဘက်နှင့် ဒေသအတော်များများတွင်လည်း မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ပြည်နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး အာဏာပိုင်အဖွဲ့ မန်နေဂျာ အီရှန်နူလာအီရှန်က ပြောကြားသည်။

အဆာဒါဘတ်မြို့တွင် ရေကြီးမှုကြောင့် ကလေးနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးအပါအဝင် စုစုပေါင်းလေးဦး သေဆုံးခဲ့ပြီး အက်စ်မာဒေသတွင်လည်း ရေကြီးမှုကြောင့် နောက်ထပ် အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း အီရှန်က ပြောသည်။

သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို အတိအကျမတွက်ချက်နိုင်သေးသော်လည်း ယခုလို ရုတ်တရက်ရေကြီးမှုကြောင့် လူနေအိမ်ခြေအတော်များများ၊ လမ်းပိုင်းအချို့နှင့် တံတားများ ရေနောက်ပါသွားခဲ့ကြောင်း အီရှန်က ပြောသည်။

အာဖဂန်နစ္စတန်ပြည်နယ် ၃၄ ပြည်နယ်အနက် ပြည်နယ် ၂၂ ခုတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လျှပ်စီးလက်ခြင်း၊ မုန်တိုင်းတိုက်ခြင်းနှင့်ရေကြီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း အာဖဂန်မိုးလေဝသဌာနက ပြောကြားသည်။

**ဆင်ဟွာ**

# နိုင်ငံတော်အစိုးရက ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

**ရန်ကုန် ဇူလိုင် ၁၅**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားသည့် အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည့်တိုင် မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ မြန်မာသံရုံးနှင့် သက်ဆိုင်ရာ သံရုံးများချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးအေးချမ်း လုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မဇူးဇူးလှိုင်အား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ယူအေအီးနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန သက်ဆိုင်ရာပြည်နယ်ရဲတပ်ဖွဲ့နှင့် လူ့စွမ်းအားအရင်းအမြစ်နှင့် နိုင်ငံသားအကျိုးစီးပွားမြှင့်တင်ရေး ဝန်ကြီးဌာနတို့မှ အာဏာပိုင်များနှင့်ညှိနှိုင်း၍ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူ မဇူးဇူးလှိုင်သည် ဇူလိုင် ၁၄ ရက်က ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့မှ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဒူဘိုင်း-ရန်ကုန် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ယမန်နေ့ည ၁၀ နာရီ ၁၅ မိနစ်တွင် ရောက်ရှိခဲ့သည်။

မြန်မာနိုင်ငံသူ မဇူးဇူးလှိုင်သည် ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့သို့ အလုပ်လုပ်ကိုင်ရန်ရောက်ရှိစဉ် အေးဂျင့်ရုံးမှ နိုင်ငံကူးလက်မှတ်၊ ဖုန်းနှင့် ခရီးဆောင်အိတ်တို့ကို သိမ်းဆည်းထားခဲ့ပြီး အေးဂျင့်ရုံးနေရာ ခြောက်နေရာသို့ တစ်နှစ်အတွင်း ပြောင်းရွှေ့နေထိုင်ခဲ့ရသော်လည်း အလုပ်အကိုင်မရခဲ့သောကြောင့် နောက်ဆုံးတွင် အေးဂျင့်ရုံးတစ်ခုမှ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ ဆက်သွယ်အကြောင်းကြားပေးမှုဖြင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးက အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်နိုင်ရန် စာရွက်စာတမ်းများရရှိရေးတို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့ရာ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခွင့်ရရှိခဲ့ပြီး ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ယူအေအီးနိုင်ငံ ဒူဘိုင်းမြို့တွင် အခက်အခဲကြုံတွေ့ခဲ့ရမှုနှင့် စပ်လျဉ်း၍ မဇူးဇူးလှိုင်က "ကျွန်မက ပြည်ခရိုင် ပေါက်ခေါင်းမှာနေပါတယ်။ အသက်က ၂၀ နှစ်ပါ။ ဒူဘိုင်းကို ရောက်တော့ လာခေါ်တဲ့အေးဂျင့်က အခန်းထဲပိတ်ထားတယ်၊ ဘယ်မှပေးမသွားဘူး။ နိုင်ငံကူးစာအုပ်၊ဖုန်းနဲ့ ခရီးဆောင်အိပ်ကိုသိမ်းသွားတာ အခုပြန်တဲ့အချိန်အထိ မရခဲ့ပါဘူး။ အေးဂျင့်ရုံး နေရာခြောက်နေရာပြောင်းပြီး နေခဲ့ရပေမယ့် အလုပ်မရခဲ့ပါဘူး။ တစ်နှစ်နဲ့ တစ်ပတ်ကြာခဲ့ပါတယ်။ အေးဂျင့်ရဲ့ အားနည်းမှုကြောင့် အလုပ်လုံးဝမရခဲ့



တာပါ။ တာဝန်လည်းလုံးဝမယူပါဘူး။ ရန်ကုန်အေးဂျင့်ကို ဆက်သွယ်လို့ရပေမယ့် သူက ရန်ကုန်ကထွက်သွားကတည်းက ငါနဲ့မဆိုင်တော့ဘူးလို့ပြောပါတယ်။ ဒူဘိုင်းကအေးဂျင့်ကလည်း နင်က ရန်ကုန်အေးဂျင့်ရဲ့လူ ငါတို့နဲ့မဆိုင်ဘူး လို့ပြောတာကြောင့် အားကိုးလို့မရခဲ့ပါဘူး။ မြန်မာပြည်ကသွားကြတဲ့ အမျိုးသား၊ အမျိုးသမီး တော်တော်များများဟာ နောင်တရပြီး ပြန်လာကြတာများပါတယ်။ ကျွန်မအပါအဝင်ပါပဲ။ လုံးဝမသွားကြပါနဲ့လို့ ပြောချင်ပါတယ်။ အစားအစာဆိုရင် စားရတဲ့ရက်ရှိသလို မစားရတဲ့ရက်လည်းရှိတယ်။ အချို့ဟာတွေက မြန်မာအစားအစာလို မဟုတ်တော့ ဝလင်အောင်စားလို့ မရတာလည်းပါတယ်။ အားလုံးကူညီပေးခဲ့တဲ့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးက လူကြီးများနဲ့ အစ်ကိုများအားလုံးကို အလွန်ကျေးဇူးတင်ပါတယ်။ သမီးတစ်ဦးတည်းကိုမှ မဟုတ်ပါဘူး သူတို့ကအားလုံးကို နွေးနွေးထွေးထွေးနဲ့ ကူညီပေးခဲ့ကြတာပါ။ ကျေးဇူးကြီးလှပါတယ်။ နိုင်ငံတော်အစိုးရက တာဝန်ရှိသူများနဲ့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးက ကူညီပေးခဲ့သူအားလုံးကို အထူးကျေးဇူးတင်ပါတယ်ရှင်" ဟု ပြောကြားသည်။

ယူအေအီးနိုင်ငံတွင် အခက်အခဲများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံးက ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ထိုနိုင်ငံတွင် အလုပ်လုပ်ကိုင်စဉ် အလုပ်ရှင်နှင့်အဆင်မပြေမှုဖြစ်ပေါ်ပါက မြန်မာပွဲစားများက တာဝန်ယူဖြေရှင်းပေးမှု မရှိသည့်အပြင် ဒူဘိုင်းအေးဂျင်စီရုံးများနှင့် အလုပ်ရှင်တို့က နိုင်ငံကူးလက်မှတ်များကို သိမ်းဆည်းထားခြင်း၊ ပွဲစားများက အေဂျင်စီရုံးအဆင့်ဆင့်ထံ လက်လွှဲအသုံးချခြင်းတို့ကို ကြုံတွေ့ကြရလျက်ရှိရာ မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကလည်း အရှေ့အလယ်ပိုင်းနိုင်ငံများကို နှစ်နိုင်ငံသဘောတူညီချက်အရ တရားဝင်အလုပ်လုပ်ကိုင်ရန် စေလွှတ်မှုမရှိကြောင်း၊ မြန်မာအမျိုးသမီးများအား အဆိုပါနိုင်ငံတွင် အိမ်အကူအလုပ်လုပ်ရန်အတွက် တရားမဝင်အလုပ်လုပ်ကိုင်ရှာဖွေရေး အေဂျင်စီများမှ လိမ်လည် ပို့ဆောင်လျက်ရှိကြောင်း၊ တရားမဝင် သွားရောက်အလုပ်လုပ်ကိုင်ပါက သက်ဆိုင်ရာနိုင်ငံ၏ ဥပဒေပြဋ္ဌာန်းချက်များအတိုင်း အရေးယူခံရမည့်အပြင် အခြားမမျှော်မှန်းနိုင်သော အန္တရာယ်များ၊ လူကုန်ကူးခံရနိုင်သည့် အခြေအနေများနှင့် ကြုံတွေ့နိုင်ကြောင်း၊ ရေမြေခြား၊ ယဉ်ကျေးမှုမတူသည့် ပတ်ဝန်းကျင်တွင် မျက်နှာငယ်ရမည့်အပြင် မြန်မာနိုင်ငံသံရုံးမရှိသည့် နေရာများသို့ ရောက်ရှိနေပါက အကူအညီရရှိရန် အခက်အခဲရှိနိုင်ကြောင်းနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့ သွားရောက်ကြမည့်သူများအနေဖြင့် မိမိသွားမည့်ဒေသ၏ အခြေအနေမှန်အား လေ့လာသိရှိထားရန်လိုအပ်ကြောင်း အကြံပြုအသိပေး ထုတ်ပြန်ထားသည်။

နိုင်ငံတော်အစိုးရ တာဝန်ယူစဉ်ကာလတွင် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာသံရုံးမှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ကြပြီး ယခုလို အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သတင်းရရှိသည်။

**ညိမ်းသူ(သတင်းစဉ်)၊ဓာတ်ပုံ - ကနူး**

## မင်းလှမြို့နယ်၌ Grade-Aအဆင့်မီဝါဂွမ်းရရှိရေး စိုက်ပျိုးထုတ်လုပ်မှုနှင့် ဝယ်ယူကြိတ်ခွဲမှုနည်းပညာပေး

**အထက်မင်းလှ ဇူလိုင် ၁၅**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ စိုက်ပျိုးရေးဦးစီးဌာန သရက်ခရိုင် ဦးစီးမှူးဦးဆောင်၍ Grade-A အဆင့်မီ ဝါဂွမ်းရရှိရေး



စိုက်ပျိုးထုတ်လုပ်မှုနှင့် ဝယ်ယူကြိတ်ခွဲမှု နည်းပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဦးမြင့်စိုးက Grade-A အဆင့်မီ ဝါဂွမ်းရရှိရေး စိုက်ပျိုးထုတ်လုပ်မှုနှင့် ဝယ်ယူကြိတ်ခွဲရေး နည်းပညာပေးခြင်းကို ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမြင့်စိုး၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇံလှ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးစိုးသိန်းနှင့် ဌာနဆိုင်ရာများက မင်းလှမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ချည်မျှင်ရှည်ဝါ တိုးချဲ့စိုက်ပျိုးမည့် ကျေးရွာအုပ်စု ၃၂ စုမှ တောင်သူ ၁၆၅၉ ဦး၊ စိုက်ဧက ၄၈၇၀ အတွက် ဝါမျိုးစေ့ ၁၄၆၆ ပိဿာကို တောင်သူများထံ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၁) ဦး တွေ့ရှိ

**(၁၅-၇-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၇-၇-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၄-၇-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄၅,၄၈၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၁) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၉) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။**ကျန်းမာရေးဝန်ကြီးဌာန**

*❊ ကျောဖုံးမှ*

နည်းပြ ဂါးရတ်ဆောက်ဂိတ်၏ အင်္ဂလန်အသင်းသည် ယူရိုပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲသို့ နှစ်ကြိမ်ဆက်တက်လှမ်းနိုင်ခဲ့သော်လည်း နှစ်ကြိမ်စလုံး ဖလားဆွတ်ခူးနိုင်ခြင်းမရှိဘဲ ဒုတိယဖြင့်သာ ကျေနပ်ခဲ့ရသည်။ ထို့ပြင် အင်္ဂလန်အသင်းသည် နှစ်ပေါင်းများစွာကြာ ဆုဖလားနှင့် ဝေးကွာမှုကို အဆုံးသတ်နိုင်ခြင်းမရှိဘဲ ဆက်လက်ဝေးကွာခဲ့ရသည်။

စပိန်အသင်းသည် ပွဲချိန် ၄၇ မိနစ်တွင် ဦးဆောင်ဂိုးရရှိခဲ့ပြီး ပြိုင်ပွဲတစ်လျှောက် ခြေစွမ်းပြသထားနိုင်သည့် ယာမဲလ်၏ ဖန်တီးမှုကို ဝီလီယံက အဆုံးသတ်သွင်းယူပေးခဲ့သည်။ အင်္ဂလန်အသင်းကလည်း ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် ချေပဂိုးရရှိရေး ကြိုးစားလာခဲ့ရာ ပွဲချိန် ၇၃ မိနစ်တွင် ရရှိခဲ့ပြီး ဘဲလင်ဂမ်၏ ဖန်တီးမှုကို လူစားဝင် ကစားသမား ပဲလ်မာက သွင်းယူပေးခဲ့သည်။

အင်္ဂလန်အသင်းသည် စပိန်အသင်း၏ ဖိအားပေးကစားမှုကြောင့် ခြေစွမ်းပြသနိုင်ခြင်းမရှိဘဲ ရှုန်းကန်ခဲ့ရသည်။ ပွဲချိန်အများစုတွင်လည်း ပြိုင်ဘက်စပိန်အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကိုသာ ခုခံကာကွယ်ခဲ့ရသည်။ စပိန်အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန် ၈၆ မိနစ်တွင် ရရှိခဲ့ပြီး ကူကူရယ်လာ၏ ဖန်တီးမှုကို အိုယာဇာဘယ်က သွင်းယူပေးခဲ့သည်။

စပိန်အသင်းမှ ဘာစီလိုနာကစားသမား ယာမဲလ်သည် ယူရိုပြိုင်ပွဲတစ်လျှောက် အသက်အငယ်ဆုံးကစားသမား၊ အသက်အငယ်ဆုံး ဂိုးသွင်းယူသူ၊ အသက်အငယ်ဆုံး ဂိုးဖန်တီးမှုပြုလုပ်နိုင်သူနှင့် ယူရိုဖလားကို အသက်အငယ်ဆုံး ဆွတ်ခူးနိုင်သူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ထို့ပြင် ၎င်းသည်ပြိုင်ပွဲတစ်လျှောက် အသက်အငယ်ဆုံး အကောင်းဆုံးကစားသမားဆုကိုလည်း ရရှိခဲ့သည်။

ယူရို ၂၀၂၄ ပြိုင်ပွဲကို ဇွန် ၁၄ ရက်မှ ဇူလိုင် ၁၄ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲတစ်လျှောက် ပွဲပေါင်း ၅၁ ပွဲ ယှဉ်ပြိုင်ကစားခဲ့ပြီး သွင်းဂိုးပေါင်း ၁၁၇ ဂိုးအထိ ရှိခဲ့သည်။ ပွဲကြည့်ရှုသည့် ပရိသတ်ပေါင်းမှာလည်း ၂၆၈၁၂၈၈ ဦးရှိပြီး တစ်ပွဲပျမ်းမျှ ၅၂၅၇၄ ဦး ရှိသည်ဟု မှတ်တမ်းများတွင် ဖော်ပြထားသည်။ ပြိုင်ပွဲပြီးဆုံးချိန်တွင် ဟာရီကိန်း၊ အိုလ်မို၊ ဂတ်ပိုတို့အပါအဝင်ဂိုးသွင်းအများဆုံးကစားသမား ခြောက်ဦးအထိ ရှိခဲ့သည်။

**အောင်ဇော်**

*❒ ကျောဖုံးမှ*

အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ယခုနှစ်ဆန်းပိုင်းကတည်းက စခန်းဝင်လေ့ကျင့်ခဲ့ပြီး မြန်မာနေရှင်နယ်လိဂ် ကလပ်အသင်းများနှင့် ခြေစမ်းကစားခဲ့သလို မေလနောက်ဆုံးပတ်က တရုတ်နိုင်ငံသို့ သွားရောက်၍ တရုတ် ယူ-၁၉ အသင်းနှင့် ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည် အုပ်စုကျပ်အတွင်း ကျရောက်နေသဖြင့် နောက်တစ်ဆင့်တက်ရောက်နိုင်ရန် ခက်ခက်ခဲခဲရုန်းကန်ရဖွယ်ရှိနေသည်။

ယင်းပြိုင်ပွဲတွင် အာဆီယံဘောလုံးအဖွဲ့ချုပ် အဖွဲ့ဝင် ၁၂ နိုင်ငံစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုသုံးစုခွဲ၍ ကျင်းပမည်ဖြစ်ကာ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးသုံးသင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်း စုစုပေါင်း လေးသင်း ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ အုပ်စုမဲခွဲမှုအရ အုပ်စု (က) တွင် အိမ်ရှင်အင်ဒိုနီးရှား၊ တီမော၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊အုပ်စု (ခ)တွင် လာအို၊ ဗီယက်နမ်၊ မြန်မာ၊ ဩစတြေးလျ၊ အုပ်စု(ဂ)တွင် မလေးရှား၊ ထိုင်း၊ စင်ကာပူနှင့် ဘရူနိုင်းအသင်းတို့ ပါဝင်သည်။ အုပ်စုအဖွင့်ပွဲအဖြစ် ဇူလိုင် ၁၇ ရက်တွင် တီမောနှင့် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဇူလိုင် ၁၈ ရက်တွင် ဗီယက်နမ်အသင်း၊ ဇူလိုင် ၂၁ ရက်တွင် လာအိုအသင်း၊ ဇူလိုင် ၂၄ ရက်တွင် ဩစတြေးလျအသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

## ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ် ၂၀၂၄ ခုနှစ်၊ ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၁၅**

ကမ်းခြေစောင့်တပ်ဖွဲ့ ကွပ်ကဲမှုဌာနချုပ်၏ ၂၀၂၄ ခုနှစ် ပထမအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့တွင် အဆိုပါ ကွပ်ကဲမှုဌာနချုပ်၌ ကျင်းပရာ ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် ကိုကိုကျော်၊ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်စိုက်ပျိုးကြသည်။ **(ယာပုံ)**



သစ်ပင်စိုက်ပျိုးပွဲတွင် အရိပ်ရလေကာပင်များဖြစ်သော ဗာဒံ ၁၂၅ ပင်၊ မဲဇလီ ၁၂၅ ပင်၊ ပိတောက်ပင် ၁၃၀၊ ခရေပင် ၁၂၀ နှင့် မန်ကျည်းရှားအပင် ၂၀၀ စုစုပေါင်း အပင် ၇၀၀ ကို ကမ်းခြေစောင့်ကွပ်ကဲမှု ဌာနချုပ်၏ တပ်အဝင်လမ်းမကြီး လမ်းဘေး ဝဲ/ ယာ တို့တွင် စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာနှင့် သောက်ရေသန့်များ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇူလိုင် ၁၅**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေ မြင့်တက်ကာ ခန္တီးမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအတွင်းသို့ မြစ်ရေဝင်ရောက်မှုများဖြစ်ပေါ်လျက်ရှိသဖြင့် ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ခန္တီးမြို့နယ်အတွင်းရှိ ဇီးဖြူကုန်းရပ်ကွက် နာဂရိုးရာကွင်း နှစ်ချင်းအသင်းတော်ခရစ်ယာန်ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း (ဇီးဖြူကုန်း)နှင့် မြသိန်းတန်စေတီတို့ရှိ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ချောက်မြို့၌ ရေဝတီမြစ်ရေဝင်မှုကြောင့် စာသင်ကျောင်းရှစ်ကျောင်း ယာယီပိတ်ထား

**ချောက် ဇူလိုင် ၁၅**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၌ ရေဝတီမြစ်ရေမြင့်တက်လာမှုကြောင့် အခြေခံပညာစာသင်ကျောင်းများ၌ မြစ်ရေများ ဝင်ရောက်ခဲ့သဖြင့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ဘေးအန္တရာယ်ကင်းစေရန် ဇူလိုင် ၁၁ ရက်မှစ၍ လက်ရှိအချိန်အထိ ကျောင်းရှစ်ကျောင်း ယာယီပိတ်ထားရကြောင်း သိရသည်။

ယာယီပိတ်ထားရသည့် ကျောင်းများမှာ အ.မ.က(ကျွန်းသစ်-ရှေ့)၊ အ.ထ.က(ခွဲ)ပဒေသာ၊ မူလွန်(ရေလယ်တောင်)၊အ.လ.က(ခွဲ)လက်ပန်ကျွန်းရွာမ၊ အ.မ.က(ခွဲ) ဇီးခုံ၊ အ.မ.က(သာစည်ကျွန်း)၊ အ.မ.က(အောက်လယ်)၊ မြို့ပေါ် အ.မ.က (ကွက်သစ် -အနောက်) ကျောင်း စုစုပေါင်းရှစ်ကျောင်းဖြစ်ပြီး မြို့ပေါ်တစ်ကျောင်းနှင့် ကျေးရွာ ခုနစ်ကျောင်း ဖြစ်သည်။

ရေပြန်ကျ၍ ကျောင်းများပြန်ဖွင့်နိုင်ချိန်တွင် သင်ခန်းစာများ နောက်ကျမှုမရှိစေရေး စာသင်ရက်များ အစားထိုးပြီး ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူး၏ ပြောကြားချက်အရ သိရသည်။

**ကျော်မိုး(ပြန်/ဆက်)**



**နိုင်ငံသာယာဝပြောဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# ရေဝတီမြစ်နှင့် ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေများ

**နေပြည်တော် ဇူလိုင် ၁၅**

**ရေဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

၁၄-၇-၂၀၂၄ ရက်နေ့ ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ရေဝတီမြစ်ရေသည် သပိတ်ကျင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် (၃၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၉ နာရီခွဲတိုင်းထွာချက်များအရ ရေဝတီမြစ်ရေသည် မန္တလေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် (၂၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်ကိုင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် (၃၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် (၅၅ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေကျော်ခန့် (၁၂၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေကျော်ခန့် (၁၅၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ချောက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် (၄၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း သုံးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မင်းဘူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် (၇၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မကွေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခန့် (၅၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အောင်လံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် (၃၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ပြည်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် (၁၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဆိပ်သာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် (၇၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟင်္သာတမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော်ခန့် (၃၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဇလွန်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ကျော်ခန့် (၁၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ချင်းတွင်းမြစ်စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၉ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် (၂၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ပြန်လည်ကျဆင်းနိုင်သည်။

ဟုမ္မလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခန့် (၁၁၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မော်လိုက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခုနစ်ပေခန့် (၂၁၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ကလေးဝမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခန့် (၁၄၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မင်းကင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခွဲကျော်ခန့် (၁၄၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မုံရွာမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးပေခန့် (၈၄ စင်တီမီတာ) ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ခုနစ်ပေခန့် (၂၁၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့တစ်ပေခွဲခန့်(၃၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ သပိတ်ကျင်းမြို့နယ်၊ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ချောက်မြို့နယ်၊ မင်းဘူးမြို့နယ်၊ မကွေးမြို့နယ်၊ အောင်လံမြို့နယ်၊ ပြည်မြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်၊ မန္တလေးမြို့၊ မြစ်ငယ်မြို့နှင့် ဆိပ်သာမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ကမ္ဘာ့နဂါးလှေပြိုင်ပွဲသို့ မြန်မာလှေလှော်အားကစားအဖွဲ့ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်လေ့ကျင့်နေ



**ရန်ကုန် ဇူလိုင် ၁၅**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံက အိမ်ရှင်အဖြစ် ၂၀၂၅ ခုနှစ် စက်တင်ဘာလတွင် ကျင်းပမည့် ကမ္ဘာ့နဂါးလှေပြိုင်ပွဲသို့ မြန်မာလှေလှော် အားကစားအဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်မှ သိရသည်။

ယင်းပြိုင်ပွဲအတွက် လက်ရည်စစ်ပြိုင်ပွဲ နှစ်ဆင့်ကျင်းပမည်ဖြစ်ပြီး ပထမအဆင့်လက်ရည်စစ်ပွဲကို အောက်တိုဘာလတွင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၌ ပြုလုပ်မည်ဖြစ်ရာ မြန်မာလှေလှော်အဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ရန် ပြင်ဆင်လေ့ကျင့်လျက်ရှိသည်။

ယင်းကမ္ဘာ့နဂါးလှေ ပြိုင်ပွဲတွင် မီတာ ၂၀၀၊ မီတာ ၅၀၀၊ မီတာ ၂၀၀၀ အပါအဝင် ပြိုင်ပွဲအမျိုးအစား ခြောက်မျိုးထည့်သွင်းကျင်းပမည်ဖြစ်သည်။

"ကျွန်တော်တို့ တစ်ခါမှမရှိခဲ့ဖူးတဲ့ ဒီနဂါးလှေနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းတွေကလည်း တရားဝင် ကမ္ဘာ့အဆင့်ပြိုင်ပွဲတွေမှာ ပါဝင်ဖို့၊ အိုလံပစ်ဂိမ်းတွေမှာ ပါဝင်ဖို့အတွက် စည်ဆက်မပြတ် သူတို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ အခု ၂၀၂၅ အိမ်ရှင်တရုတ်နိုင်ငံမှာ ကျင်းပမယ့် ကမ္ဘာ့အဆင့် ပြိုင်ပွဲမှာ ပထမဆုံးကျွန်တော်တို့ နဂါးလှေအသင်း ပါဝင်ယှဉ်ပြိုင်ခွင့်ရမှာဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်းက ပြောသည်။

လာမည့် အောက်တိုဘာလတွင် တရုတ်နိုင်ငံ၌ ပြုလုပ်မည့် ပထမလက်ရည်စစ်ပြိုင်ပွဲ၌ စံချိန်အကောင်းဆုံး အသင်းနှစ်သင်းသည် တိုက်ရိုက်လက်ရည်စစ်ပွဲအောင်မြင်မည်ဖြစ်ပြီး ကမ္ဘာ့နဂါးလှေပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သည်။ ကျန်ပြိုင်ပွဲဝင် နိုင်ငံအသင်းများအနေဖြင့် ဖိလစ်ပိုင်တွင် ပြုလုပ်မည့် ဒုတိယလက်ရည်စစ်ပွဲသို့ ဆက်လက်ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ယင်းပြိုင်ပွဲဝင် အသင်းများအနက်မှ အသင်း ၁၀ သင်းကို ရွေးချယ်ကာ ကမ္ဘာ့နဂါး လှေပြိုင်ပွဲတွင် အသင်း ၁၂ သင်းဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီပြိုင်ပွဲဟာ နဂါးလှေမြန်မာအသင်းအနေနဲ့ အခွင့်အရေးတစ်ရပ်ပဲ ဖြစ်ပါတယ်။ အခုလို အခွင့်အရေးရရှိတဲ့ အချိန်အခါကောင်းမှာ အရှေ့တောင်အာရှပြိုင်ပွဲအောင်မြင်မှုတစ်ခုတည်းနဲ့ အာရှပြိုင်ပွဲတစ်ခုတည်းနဲ့ မဟုတ်ဘဲ ကမ္ဘာသိအောင်ပြသနိုင်မယ့် အခွင့်အရေးလည်း ဖြစ်ပါတယ်။ ကစားသမားတွေကလည်းကြိုးစားလေ့ကျင့်လျက်ရှိပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါ ကမ္ဘာ့နဂါးလှေပြိုင်ပွဲတွင် မြန်မာအသင်းအတွက် အဓိကပြိုင်ဘက်မှာ အိမ်ရှင်တရုတ်ဖြစ်ပြီး လက်ရည်တူအသင်းဖြစ်သည့် ထိုင်းလည်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ မြန်မာလှေလှော်ကစားသမားများအတွက် စိန်ခေါ်မှုပြင်းထန်သည့် ပြိုင်ပွဲတစ်ရပ်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး**

# ကိုလံဘီယာကို အနိုင်ယူပြီး ကိုပါအမေရိကဖလားကို (၁၆) ကြိမ်မြောက် အာဂျင်တီးနားအသင်း ဆွတ်ခူး

ကိုပါအမေရိကပြိုင်ပွဲ ဗိုလ်လုပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၇ နာရီ မိနစ် ၅၀ က ယှဉ်ပြိုင်ကစားခဲ့ရာ အာဂျင်တီးနားအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိပြီး အသင်းသမိုင်းတစ်လျှောက် (၁၆) ကြိမ်မြောက် စံချိန်တင်ဆွတ်ခူးရရှိခဲ့သည်။

အာဂျင်တီးနားအသင်းခေါင်းဆောင် မက်ဆီသည် ပွဲချိန် ၆၆ မိနစ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့်အတွက် ဂွန်ဇာလက်ဇ်နှင့် လူစားခဲ့ရသည်။ အဆိုပါ ပွဲစဉ်မှာ သာမန်ပွဲကစားချိန်အတွင်း တစ်ဖက်နှင့်တစ်ဖက် ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရသည်။

အာဂျင်တီးနားအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲချိန် ၁၁၂ မိနစ်တွင် လူစားဝင်ကစားသမား မာတီနက်ဇ်က သွင်းယူပေးခဲ့သည်။ ကိုပါအမေရိကပြိုင်ပွဲကို ဇွန် ၂၀ ရက်မှ ဇူလိုင် ၁၄ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ပြီး ပွဲစဉ်ပေါင်း ၃၂ ပွဲယှဉ်ပြိုင်ကစားခဲ့ရာ သွင်းဂိုးပေါင်း ၇၀ အထိရှိခဲ့သည်။ ပွဲကြည့်ရှုသည့်ပရိသတ်ပေါင်း ၁၅၀၆၅၇၈ ဦးအထိရှိခဲ့သည်။ ပြိုင်ပွဲပြီးဆုံးချိန်တွင် အကောင်းဆုံးကစားသမားဆုကို ကိုလံဘီယာအသင်းမှ ဂျိမ်းစ်ရိုဒရီဂွက်ဇ်က ရရှိခဲ့ပြီး အကောင်းဆုံးဂိုးသမားဆုကို အာဂျင်တီးနားအသင်းဂိုးသမား မာတီနက်ဇ်က ရရှိခဲ့သည်။

ထို့ပြင် ပြိုင်ပွဲတစ်လျှောက် သွင်းဂိုးအများဆုံးကစားသမားဆုကို အာဂျင်တီးနားတိုက်စစ်ကစားသမား လော်တာရို မာတီနက်ဇ်က ငါးဂိုးဖြင့် ရရှိခဲ့သည်။

**အောင်ဇော်**




# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၅**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူချင်းသတ်ဖြတ်ခဲ့လို့ တိုင်းပြည်ဒုက္ခရောက်ခဲ့ရတဲ့ အတိတ်ကာလကို သင်ခန်းစာမယူနိုင်သေးသော အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ဇူလိုင် ၁၇ ရက် မွန်းလွဲ ၁နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"မဟာမြိုင်လမ်းတွင် ပိတ်မိနေသည့် ကားသမားများနှင့် PDF အဖွဲ့ဝင်များ ပြဿနာဖြစ်ပြီး PDF များက ပစ်ခတ်ရာ ကားသမား နှစ်ဦး ဒဏ်ရာရရှိပြီး ကားအချို့ပျက်စီး၊ PDF တွေက ကားသမား ရှစ်ဦးကို အဓမ္မဖမ်းဆီးနှိပ်စက်မှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၀၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ ၁၅ - ၇ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၆၅ ကျပ် | ၂၅၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၈၉၀ ကျပ် | ၂၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၇၀၀ ကျပ် | ၂၇၇၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၈၂၀ ကျပ် | ၂၈၉၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်များ ဇူလိုင် ၁၇ ရက် စတင်မည်

**ရန်ကုန် ဇူလိုင် ၁၅**

တစ်လကျော်ကြာ ရပ်နားထားသည့် ၂၀၂၄ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ဒုတိယအကျော့ကို ဇူလိုင် ၁၇ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

ယခုရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲကို သုံးကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်ပြီး ဒုတိယအကျော့ပွဲစဉ်များကို ဇူလိုင် ၁၇ ရက်မှ ဩဂုတ် ၂၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များကို မေ ၇ ရက်မှ ဇွန် ၁၁ ရက်အထိ ကျင်းပခဲ့ပြီး တစ်လကျော်ရပ်နားပြီးနောက် ဒုတိယအကျော့ပွဲစဉ်များ ပြန်လည်ကျင်းပခြင်းဖြစ်သည်။ ဒုတိယအကျော့ အဖွင့်ရက်သတ္တပတ်ဖြစ်သည့် ပွဲစဉ် (၈) အဖြစ် ဇူလိုင် ၁၇ ရက်တွင် စလင်းကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဧရာဝတီအသင်း၊ ဇူလိုင် ၁၈ ရက်တွင် ပဒုမ္မာကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် မြဝတီအသင်း၊ YUSC ကွင်း၌ ရန်ကုန်ယူနိုက်တက်အသင်းနှင့် YREO အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၅၀၀ | ၈၇၀၀ | ၈၅၈ | ၇၃၉၆၈၀၀ |
| MTSH | ၃၃၅၀ | ၃၃၅၀ | ၃၉၅၁ | ၁၃၂၃၅၈၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၀၀ | ၁၆၅၀ | ၁၀၅၀ | ၁၇၃၅၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၃၅၇ | ၆၀၆၉၀၀ |
| AHPC | ၀ | ၀ | ၀ | ၀ |
| MAEPC | ၃၃၅၀ | ၃၆၅၀ | ၁၁ | ၄၀၁၅၀ |

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၁) ရက်နေ့တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၁)ရက်နေ့တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၁၇) ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက် မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရ၊ပေါင်(၁၃၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇) ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၁၅) ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## အများသိစေရန်

မကွေးမြို့၊ အောင်ချမ်းသာရပ်ကွက်၊ ရန်မျိုးအောင်ရပ်၊ ခွာညို(၁၀)လမ်း၊ ဝိုင်းမြေအမှတ်(၄၇)နှင့်(၄၉)ရှိ သုံးထပ်တိုက် အဆောက်အအုံတို့ကို ပိုင်ရှင်ဒေါ်ဝင်းဝင်းကြည်က **"ပညာနန်းတော် ကိုယ်ပိုင်အထက်တန်းကျောင်း"** မှ ဦးသိန်းလွင်နှင့် ဒေါ်ဌေးဝင်းမော်အား (၁၈-၁၁-၂၀၀၅) မှ (၃၁-၃-၂၀၂၂)ရက်အထိ အငှားချထားခဲ့ပါသည်။ အဆိုပါ အငှားချထားမှုမှာ ၃၁-၃-၂၀၂၂ ရက် တွင် ကုန်ဆုံးခဲ့ပါသည်။ မည်သူ့ကိုမျှ ထပ်မံ အငှားချထားခြင်းမရှိပါ။

သို့ဖြစ်ပါ၍ မည်သူမျှ အထက်ပါဝိုင်းမြေကွက်နှင့် (၃)ထပ်တိုက် အဆောက်အအုံတို့အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်ဆင့်အငှားချထားခြင်း၊ လှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းများ မပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းဝင်းကြည် (၁၂/ဗတထ(နိုင်)၀၂၄၅၁၇)၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ထူးထူးမြတ်(LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၃၆)(၁၆-၅-၂၀၁၇)**

**ဦးစိုးဟန်(LL.B)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၈၁၂)(၁၇-၁၂-၁၉၉၁)**

**အမှတ် ၃၇၊ ဘုရားကုန်း၊ မြို့ပြကွက်သစ်၊ သန်လျင်မြို့**

**ဖုန်း-၀၉-၂၅၀၉၈၇၀၂၉**

## မိဘအမည်မှန်

မိတ္ထီလာမြို့၊ အမက(၆) မင်းရပ် Grade-2(B) မှ မောင်ပြည့်စုံဦး၏ မိဘအမည်မှန်မှာ ဦးဇော်နိုင်ထွန်းနှင့် ဒေါ်ဖြူဖြူခိုင် ဖြစ်ပါကြောင်း။

**ဦးဇော်နိုင်ထွန်း-ဒေါ်ဖြူဖြူခိုင်**

## ပျောက်ဆုံးကြောင်း

ဘားအံမြို့နယ်၊ ကော့လမုကျေးရွာနေ (ဘ)ဦးကြည်လှိုင်၏ သမီးဖြစ်သူ မိမျိုးသန္တာအေး ၃/ဘအန(နိုင်)၃၂၉၅၈၁၏ နိုင်ငံကူးလက်မှတ်အမှတ် M-1219383 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၇၉၀၆၂၃၈**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ကျောက်မြောင်းလမ်း၊ အမှတ်(၁၀၉)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၃-စီ-၁-N)၊ မြေကွက်အမှတ်(၂၂-အေ)၊ အကျယ်အဝန်း(၃၇x၆၀)ပေ၊ ဧရိယာ(၀ဒသမ၀၅၁)ဧကရှိ နှစ်(၉၀)(သက်ကုန်) ဂရန်မြေကွက်၏ မြေအကျိုးခံစားခွင့်တို့ကို **ဦးကျော်စိန်ထွန်း(၁၂/လမန(နိုင်)၁၃၃၁၉၆)မှ** (၁၆-၆-၂၀၂၄)ရက်စွဲပါ **မြေအကျိုးခံစားခွင့်အပြီးအပိုင် အရောင်းအဝယ်စာချုပ်ဖြင့်** တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ **(ယင်းမြေကွက်ပေါ်ရှိ (၃)ခန်းတွဲ(၂)ထပ် အဆောက်အအုံ၏ အပျောက်အခန်း (၆)ခန်း မပါဝင်ပါ။)**

အထက်ပါ(၃)ခန်းတွဲ(၂)ထပ်တိုက်အဆောက်အအုံနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ ဦးကျော်စိန်ထွန်းမှ အိမ်လခကောက်ခံခြင်း၊ အမည်ပြောင်းခြင်း၊ စီမံခန့်ခွဲခြင်းတို့ကို ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးထွန်းသူအောင်(LL.B)** (စဉ်-၅၅၇၆၄)

**ဒေါ်နီနီဝင်း(LL.B)** (စဉ်-၅၁၇၁၈)

**ဒေါ်နှင်းဝေလွင်(LL.B)** (စဉ်-၅၄၃၀၅)

**အထက်တန်းရှေ့နေများ**

**အမှတ်-၃၆၊ မြေညီထပ်၊၈၉လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**

**ဖုန်း-၀၉-၅၀၈၈၆၀၅၊ ၀၉-၇၈၀၀၅၄၀၆၀**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈၉)၊ မြေကွက်အမှတ် (၁၂၁)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်နော်လုလူ (၁၂/ဥကတ(နိုင်) ၁၄၈၀၈၄) အမည်ပေါက် ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၁၂၂)နှင့်ကပ်လျက် (၂၀ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးဝင်းအောင်နိုင် (၁၂/လမန(နိုင်) ၀၉၁၈၃၅) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဦးခင်မောင်ဦး** — **LL.B, D.B.L, D.I.L.,** — တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)

**ဦးကျော်စိုးဦး** — **LL.B,** — အထက်တန်းရှေ့နေ(စဉ်-၅၄၁၈၉)

၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၂၅ ၃၀၇ ၂၇၃

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေဧရိယာ ၀.၀၅၅ ဧကရှိ ဦးလှမြင့်သက် ၁၂/ကမရ(နိုင်)၀၃၀၉၃၁(ဘ)ဦးလှမောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၃၃၄၈၈)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၆၆၇/၂၀၂၃(၂-၁၀-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်သန္တာသိန်းတင့် ၉/သစန(နိုင်)၁၁၆၂၇၂ (ဘ) ဦးတွတ်မှ ဦးဌေးအောင် ၉/ညဥန(နိုင်)၁၂၈၀၆၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့်တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ဤကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ အောင်သပြေ(၁/က)လမ်း၊ မြေကွက်အမှတ်(၅၃၀-စီ)၊ အလျား(၅၄)xအနံ (၂၀)ပေ အကျယ်ရှိ ဦးမျိုးသန့်ပိုင်ဆိုင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင် ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဦးမျိုးသန့် ၁၂/မဂဒ(နိုင်) ၀၈၅၄၂၈မှ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဒေါ်ဝင်းဝင်းအိ ၇/ကဝန(နိုင်) ၁၃၈၁၀၄ ကလည်းအပြီးအပိုင် အပြတ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သက်သက်မွန်** — **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၆၀၅/၂၀၁၅)**

**ဦးသုထက်ကျော်လွင်** — **အထက်တန်းရှေ့နေ (စဉ်-၄၉၅၀၂/၂၀၁၈)**

**တိုက်(၄)၊အခန်း(၃၁)၊ ပထမထပ်၊မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့် အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉- ၇၉၅၅၃၄၇၅၃၊ ၀၉-၇၅၀၃၉၈၄၀၆**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၅/မြို့မအရှေ့ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ ၀.၁၁၅ ဧကရှိ ဒေါ်ခေါန်ရာ ၁၂/ရကန(နိုင်)၀၁၆၆၀၄(ဘ)ဦးကမ်တွဲ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အမှတ်(ပ-၂၁၀၉၉)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၅၆၂၁/၂၀၂၂(၂၉-၁၁-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်နန်းလှနှင်းခိုင် ၁၃/ပလန(နိုင်)၀၀၀၂၈၂(ဘ) ဦးခမ်းထွန်းမှ ဒေါ်အင်ကြင်းခိုင် ၁၂/သကတ(နိုင်)၀၀၃၂၂၅ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့်တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက် အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ ဒီဇယ်ဓာတ်အားပေးစက်များ မောင်းနှင်ရန် လိုအပ်သော စက်သုံးဆီများ ဝယ်ယူပို့ဆောင်ခြင်းလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါက အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါရန် တတိယအကြိမ် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၁၆-၇-၂၀၂၄ရက်မှ ၂၅-၇-၂၀၂၄ရက် အထိ

၃။ **တင်ဒါတင်သွင်းရမည့်ရက်** - ၂၆-၇-၂၀၂၄ရက် နံနက် ၉နာရီမှ ညနေ ၄နာရီ

၄။ **တင်ဒါတင်သွင်းရမည့်နေရာ** - တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာရုံး၊ မုံရွာမြို့

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တိုင်းဒေသကြီးလျှပ်စစ် အင်ဂျင်နီယာရုံး**

**ရုံးကြီးလမ်း၊ ရုံးကြီးရပ်ကွက်၊ မုံရွာမြို့**

**ဖုန်း-၀၇၁-၂၂၈၁၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ သီရိလမ်း၊ အမှတ် ၁၀၀ ဟုခေါ်တွင်သော အကျယ်အဝန်း(၁၆ပေX၆၃ပေ)၊ ကိုယ်ပိုင်လမ်း(၄ပေX ၉လက်မ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ် နေအိမ်(၁)လုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု မြွက်ဟကြေညာသူ ဦးဌေးအောင် ၁၂/ အစန(နိုင်)၀၁၅၅၉၈ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်ဝယ်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မျိုးညွန့် ၁၂/တကန(နိုင်)၁၃၀၂၄၉၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နော်ခက်ခက်နိုင်(LL.B)(စဉ်-၂၈၆၇၄)** — **အထက်တန်းရှေ့နေ**

**ဒေါ်ရီလေးမော်(LL.B)(စဉ်-၁၄၇၀၇)** — **တရားလွှတ်တော်ရှေ့နေ**

**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီးဝင်း၊ အင်းစိန်မြို့နယ်ဖုန်း-၀၉-၄၂၀၀၈၉၃၈၀**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ဖျာပုံလမ်း၊ အမှတ်(၁၁၁၀/က) ဟုခေါ်တွင်သော (၂၀ပေx ၆၀ပေ)ရှိ ပါမစ်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် ပတ် သက်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ချစ်စုမြိုင် ၁၂/မဂတ(နိုင်)၀၇၂၇၁၉ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရည်မွန်မြင့် ၈/ခမန(နိုင်)၁၁၀၁၃၃ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်အားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်မာမာမြင့်(LL.B,LL.M,DIPL,DIL)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၁)**

**အမှတ် ၁၈၂၊ ချောင်းသာလမ်း၊(၂၁)ရပ်ကွက်၊တောင်ဒဂုံမြို့နယ်**

**ဖုန်း-၀၉-၇၉၀၉၂၅၀၅၉**

## အထွေထွေကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးစိုးပိုင် ၁၂/ဥကတ(နိုင်) ၀၀၃၇၈၉ နှင့် ဒေါ်စန်းစန်းလွင် ၁၂/ဥကတ(နိုင်) ၀၁၁၈၀၁တို့က ဦးစွမ်းပြည့်ဟန်(ဘ)ဦးဟန်ဆွေ ၈/ပခက(နိုင်) ၂၃၃၁၀၅အား ကန်ထရိုက်တိုက်ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် (၁-၉-၂၀၁၄)ရက်က အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၈၅၃)ဖြင့် လွှဲအပ်ပေးခဲ့ပါသည်။ အထွေထွေကိုယ်စားလှယ်စာရရှိသူ ဦးစွမ်းပြည့်ဟန်သည် ကန်ထရိုက်တိုက်ဆောက်လုပ်ရန်ကိစ္စရပ်များကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိတော့သည့်အတွက် ဦးစွမ်းပြည့်ဟန်အား လွှဲအပ်ထားသည့်အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

**ဦးအောင်မျိုးထက်**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၉၁၀)**

**အမှတ်(၆၀)၊ပ-ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန် မြို့၊ ဖုန်း-၀၉-၄၂၁၀၃၂၉၀၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/13666, Honda Dream-125 ယာဉ်လက်ဝယ်ရှိသူ N.C.X Myanmar, Co.,Ltd က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/82430, Luojia 110 ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) ဒဂုံမြို့သစ်ခရိုင်တရားရုံး ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂၀

ဦးဂျေဝေလင်းဦး **(တရားလို)** **နှင့်** ဦးစန်းမောင် **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂) ရပ်ကွက်၊ ကင်းဝန်လမ်း၊ အမှတ်(၁၂၇၄)နေ တရားပြိုင် ဦးစန်းမောင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၁၂ အရ ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၂၉ရက် (၁၃၈၆ခုနှစ်၊ ဝါဆိုလဆုတ် ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည် သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင် လေးရက်က တင်သွင်းရမည်။

၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေး ထိုးထုတ်ပေးလိုက်သည်။ **(စန္ဒာမြင့်)**

**ဒုတိယခရိုင်တရားသူကြီး(၁)**

**ဒဂုံမြို့သစ်ခရိုင်တရားရုံး**

## အမည်မှန်

ဦးကျော်ဇင်လတ် ၈/ဂဂန(နိုင်) ၁၀၇၅၇၀၏ သမီး မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ ပြစ်မရွာ၊ အလက(ပြစ်မ) Grade-7 မှ မစုမြတ်မော်၏ အမည်မှန်မှာ မဆုမြတ်မော် ဖြစ်ပါကြောင်း။

**မဆုမြတ်မော်**

## ဖခင်အမည်မှန်

အိမ်မဲမြို့နယ်၊ အလက-ကမန်းတံခွန်တိုင်၌ ပညာသင်ကြားနေသော Grade-5 မှ စမျိုးသက်နိုင်၏ ဖခင်အမည်မှန်မှာ စဝင်းမျိုးဦး ၁၄/အမန(နိုင်)၁၄၁၀၉၇ ဖြစ်ပါကြောင်း။

**စဝင်းမျိုးဦး**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဒန့်ဒလွန်ပင်ကျေးရွာအုပ်စု၊ ဒန့်ဒလွန်ပင်ကျေးရွာနေ (ဘ) ဦးသောင်းဇော်ဝင်း ၏ သမီး မခိုင်ဝါဦး ၈/မသန(နိုင်)၁၃၁၅၆၂၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၅၇၄၁၀၈၈**

## မိဘအမည်မှန်

ပျဉ်းမနားမြို့၊ လမ်းပြကြယ်စင် ကိုယ်ပိုင်အထက်တန်းကျောင်း Grade-8မှ မောင်အောင်ကျော်မိုး၏ မိဘအမည်မှန်မှာ ဦးဆန်းမင်းနှင့် ဒေါ်ချိုပြုံး ၉/ပမန(နိုင်) ၂၉၆၈၂၂ တို့ဖြစ်ပါကြောင်း။

**ဦးဆန်းမင်း၊ ဒေါ်ချိုပြုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ ဧရိယာ(၀ဒသမ၁၄၆)ဧက အကျယ်အဝန်းရှိ မြေကွက်အမှတ်(ဒ-၃၂၇၃၂)နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် ယင်းတို့၏အကျိုးခံစားခွင့်အရပ်ရပ်အား မြေပေးမိန့်မူရင်းနှင့်တကွ လက်ရောက်ပိုင်ဆိုင်ထားရှိသူ ဒေါ်စုလတ်ဖြူ(ဘ)ဦးလှမြင့် ၉/ပမန(နိုင်) ၁၇၃၉၄၂ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကြည်ကြည်ဝင်းမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတချို့အား ပေးချေထားပြီးဖြစ်ရာ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါ သည်။

**ဦးနေလင်းထွန်း(LL.B,D.B.L)**

**အထက်တန်းရှေ့နေ(စဉ်-၄၅၁၃၉)**

**အမှတ်(၃၄၄)၊သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့၊နေပြည်တော်၊**

**ဖုန်း-၀၉-၉၅၆၄၁၁၄၁၁**

## SEA WIND MARITIME SERVICES CO.,LTD (Reg; 108114592)

### လူမှုခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၄၇(က)(၂)နှင့် ၁၅၁(က)အရ အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်ဖျက်သိမ်းခြင်း ကုမ္ပဏီဖျက်သိမ်းကြောင်းကြော်ငြာ

၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၅ရက်နေ့တွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ SEA WIND MARITIME SERVICES CO.,LTD အား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်း ဖျက်သိမ်းရာတွင် ဦးကြည်လင် B.Com(AA)(C.P.A)(MAIP-00201)လက်မှတ်ရ ပြည်သူ့စာရင်းကိုင်အား တရားဝင်စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိ(လူမှုခံယူခြင်းဆိုင်ရာ ကျွမ်းကျင်သူ)အဖြစ်ခန့်အပ်ထားခဲ့ပါသည်။ ကုမ္ပဏီမှရရန်နှင့် ပေးရန်ရှိသည်များကို တစ်နှစ်အတွင်းလူမှုခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၁၅၁(က)အရ တစ်နှစ်ထက် မပိုသောကာလအတွင်း ယင်း၏ကြွေးမြီများကို အတိုးနှင့်တကွ ပေးချေနိုင်ကြောင်းကို အောက်ဖော်ပြပါတရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းနှင့် ပေးသွင်းခြင်းကို ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**NAY WIN**
**Managing Director**
**Sea Win Maritime Services Co.,Ltd**

**U Kyi Lin(MAIP -00201)**
**B.Com(AA);C.P.A**
**Company Liquidator**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4C/7066 ယာဉ်လက်ဝယ်ရှိသူ ဦးသူရစိုးလွင် ၁၂/အစန(နိုင်) ၁၉၅၁၁၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး(ပဲခူး)**

## မွေးသက္ကရာဇ်အမှန်

ဦးစိုးမြင့်၏ သမီး နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ အထက(၈) Grade-11($S_1$)မှ မဇူးသဥ္ဇာသိမ့်၏ မွေးသက္ကရာဇ်အမှန်မှာ (၄-၁၂-၂၀၀၇)ဖြစ်ပါကြောင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး ပဲခူးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ ပဲခူးမြို့မှ တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ပြည်ခရိုင်/မြို့နယ်ရုံးအဆောက်အဦအသစ်ဆောက်လုပ်ခြင်း(၄၀' x ၆၃' x ၂၃')အတွက် ဆောက်လုပ်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်/အချိန် | ၁၆-၇-၂၀၂၄ရက်မှ ၃၀-၇-၂၀၂၄ ရက်အထိ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀ နာရီအထိ |
| (ခ) | တင်ဒါလျှောက်လွှာ တင်သွင်းရမည့် နောက်ဆုံးရက်/အချိန် | ၃၀-၇-၂၀၂၄ရက်အထိ ညနေ ၄ နာရီ နောက်ဆုံးထားလက်ခံပါမည်။ |
| (ဂ) | တင်ဒါဖွင့်လှစ်မည့် ရက်/အချိန် | ဆက်သွယ်အကြောင်းကြားပါမည်။ |
| (ဃ) | တင်ဒါလျှောက်လွှာ ရောင်းချ/ဖွင့်လှစ်မည့်နေရာ | ပဲခူးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး သမိန်ဗရမ်းလမ်း၊ ပဲခူးမြို့ |

၂။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို အထက်ဖော်ပြပါ လိပ်စာရှိ ရုံးနှင့် လုပ်ငန်းတည်ရှိရာ ပြည်ခရိုင်/ မြို့နယ်စာရင်းစစ်ရုံးများသို့ လာရောက်စုံစမ်းနိုင်ပြီး ဖုန်း-၀၉-၇၇၅၄၀၄၀၅၉၊ ၀၉-၄၂၈၁၂၀၄၉၄တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ပါကြောင်းနှင့် ဖော်ပြပါရက်များပြောင်းလဲပါက ကြိုတင်၍ ထပ်မံအသိပေးအကြောင်းကြားပါမည်။

**တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါအမှတ်(၁/၂၀၂၄-၂၀၂၅)ဖြင့် တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနမှ ရန်ကုန်မြို့ရှိ ကတ်သုတ်ကြေးနီ (၂၀၀) မက်ထရစ်တန်အား(၁၀) မက်ထရစ်တန် (20) Lots ခွဲ၍ ပြည်တွင်းရှိ ကြေးနီကုန်ကြမ်းသုံး အသေးစား၊ အငယ်စား၊ အလတ်စား(MSME)စက်မှုလက်မှုလုပ်ငန်းရှင်များသို့ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါသည်။

၂။ ကက်သုတ်ကြေးနီ၏ ကြမ်းခင်းဈေးနှုန်းမှာ တင်ဒါဖွင့်လှစ်သည့်နေ့တွင် အင်တာနက်၌ ပေါ်ထွက်လာမည့် ယမန်နေ့ ကမ္ဘာ့သတ္တုပေါက်ဈေးနှုန်း (London Metal Exchange-LME)ပါ ကက်သုတ်ကြေးနီ တစ်မက်ထရစ်တန်ဈေးနှုန်းအပေါ်တွင် အခြေခံ၍ သတ်မှတ်မည်ဖြစ်ပါသည်။ အဆိုပြုဈေးနှုန်းအား (LME+Premium) ဖြင့် ဖော်ပြရာတွင် အမေရိကန်ဒေါ်လာဖြင့် ရေးသားဖော်ပြရမည်ဖြစ်ပြီး Premium ကြေးအများဆုံး ပေးသွင်းနိုင်သည့် အဆိုပြုတင်သွင်းသူကို တင်ဒါအောင်မြင်သူအဖြစ် သတ်မှတ်မည်ဖြစ်ပါသည်။

၃။ သယ်ဆောင်စရိတ်များအတွက် ကျသင့်ငွေများကို ကြေးနီကုန်ကြမ်းသုံးစက်မှုလက်မှုလုပ်ငန်းရှင်များမှ မိမိတို့အစီအစဉ် ဖြင့် ကျခံဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ တင်ဒါပိတ်မည့်နေ့ရက်နှင့်အချိန်မှာ (၃၀-၇-၂၀၂၄)ရက် မွန်းလွဲ ၂နာရီဖြစ်ပြီး ယင်းနေ့ ညနေ (၃) နာရီတွင် အိတ်ဖွင့်တင်ဒါ များဖွင့်ဖောက်မည်ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုသော အချက်အလက်များရှိပါက သတ္တုတွင်းဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန၊ ၀၆၇-၃၄၀၉၃၇၈၊ ၀၆၇-၃၄၀၉၃၇၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**သတ္တုတွင်းဦးစီးဌာန**
**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (ရုံးချုပ်-ရန်ကုန်မြို့) (၁/၂၀၂၄)အိတ်ဖွင့်တင်ဒါ ကြေညာခြင်း

၁။ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်း အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်(ရုံးချုပ်)ရှိ မော်တော်ယာဉ်(၂)စီး၊ တာယာအဟောင်းများနှင့် ဘက်ထရီအဟောင်းများအား လပ်ပုံများခွဲ၍ မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

(က) **အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်ရက်** - ၁၂-၇-၂၀၂၄ရက်မှ ၁၈-၇-၂၀၂၄ ရက်အထိ ရုံးပိတ်ရက်များမှအပ
- နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄နာရီအတွင်း

(ခ) **အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်နေရာ** - စီမံရေးဌာန၊ သစ်တောဖက်စပ် (ရုံးချုပ်)၊ အမှတ်(၅၂/၆၆)၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(ဂ) **အိတ်ဖွင့်တင်ဒါ ပိတ်မည့်ရက်/အချိန်** - ၂၅-၇-၂၀၂၄ရက် နံနက် ၁၀နာရီ

(ဃ) **အိတ်ဖွင့်တင်ဒါ ဖွင့်မည့်ရက်/အချိန်** - ၂၅-၇-၂၀၂၄ရက် မွန်းလွဲ ၁နာရီ

(င) **အိတ်ဖွင့်တင်ဒါ ကျင်းပမည့်နေရာ** - မြန်မာ့သစ်လုပ်ငန်း၊ သစ်အခြေခံစက်မှုလုပ်ငန်းဌာန(အစည်းအဝေးခန်းမ)၊ ရွှေတိဂုံဘုရားလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

၂။ အိတ်ဖွင့်တင်ဒါတွင် လပ်ပုံ(၇)ပုံ ရောင်းချမည်ဖြစ်ပြီး မိမိယှဉ်ပြိုင်လိုသည့် လပ်ပုံ တွင်ပါဝင်သည့် ပစ္စည်းအားလုံးကို ဝယ်ယူရမည်ဖြစ်ပါသည်။ လပ်ပုံ(၁)ပုံခြင်း အလိုက် တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များအား သစ်တောဖက်စက် (ရုံးချုပ်)ရန်ကုန်မြို့တွင် ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အထက်ဖော်ပြပါ လိပ်စာနှင့် ဖုန်း-၀၁-၉၀၁၀၇၃၄၊ ၀၉-၄၅၂၃၆၁၁၂၊ ၀၉-၄၄၃၂၅၀၀၅၀ သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါရောင်းချရေးအဖွဲ့**
**သစ်တောဖက်စပ်**

## စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာအပြီးသတ်အထွေထွေအစည်းအဝေး တက်ရောက်ရန် အကြောင်းကြားစာ

## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ-၃၅၇(ခ)နှင့်လူမွဲခံယူခြင်းဆိုင်ရာ ဥပဒေပုဒ်မ-၂၁၁(က)အရ

## TIN & ONE COMPANY LIMITED

## (ကုမ္ပဏီတွင်ပါဝင်သူများ၏ ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)

"TIN & ONE COMPANY LIMITED" (ဖျက်သိမ်းဆဲ)၏ စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိမှ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ စာရင်း တင်ပြရန်နှင့် ရှင်းလင်းပြောဆိုရန်အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကုမ္ပဏီတွင် ပါဝင်သူများအားလုံး တက်ရောက်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်နှင့်အချိန် ။ ။ ၂၀၂၄ခုနှစ်၊ ဩဂုတ်လ၊ (၁၃)ရက် နံနက်၁၀နာရီ

ကျင်းပမည့်ပုံစံ ။ ။ **Online Meeting**

**ဦးအီနုစ်(တရားလွှတ်တော်ရှေ့နေ)**
**YE NOOS & ASSOCIATES (Law Firm)**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**
**TIN & ONE COMPANY LIMITED**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် ၈.၂၊ ဦးပိုင်အမှတ်(၁၇)၊ ၅၉လမ်း၊ ၁၁၃x၁၁၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်တင်ဦး၏(GP ရရှိသူ ဦးသန်းဝင်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၆၃၇/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်စန်း ရီ ၁၂/ဥကတ(နိုင်) ၀၁၈၂၇၅က အမှုတွဲအမှတ်(၂၁၂၄/၂၀၂၄-၂၀၂၅) ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများ ဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပတ်စ်ပို့ပျောက်

ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၊ ကုန်းကြီးကျေးရွာနေ မအိဇင်ခိုင် ၇/အတန(နိုင်)၁၆၂၆၅၃ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၇၈၆၄၉၈၁**

## ဖခင်အမည်မှန်

လက်ပံတန်းမြို့နယ်၊ အထက(၃)လက်ပံတန်း GRADE-12(B)မှ မဂျူလျှံမို့မို့၏ ဖခင် အမည်မှန်မှာ ဦးကိုကိုအောင် ၁၄/အဂပ(နိုင်)၁၆၉၉၅၂ ဖြစ်ပါကြောင်း။ **ဦးကိုကိုအောင်**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်းအမှတ် (၂)၊ ဦးပိုင်အမှတ် (၅၈)၊ မြေချိန်ဧရိယာ ၀.၁၁၀ ဧကရှိ မြေကွက်သည် မူလက ဦးပီတာအမည်ဖြင့် (၂-၁-၂၀၁၁)ရက်အထိ (၁၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက် ဦးပီတာက(၉-၂-၂၀၂၄)ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၀၆၆/၂၀၂၄)အရ မူလမြေဧရိယာ ၀.၁၁၀ဧက အနက်မှ အရှေ့ဘက်ခြမ်းမြေဧရိယာ၀.၀၅၅ဧကအား ဦးပိုင်ခွဲစိတ်၍ ဒေါ်ခေါင်ညွယ် ၁/မကန(နိုင်)၁၃၅၂၆၀ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ခေါင်ညွယ်အမည်ဖြင့် မြေငှားဂရန်(ဦးပိုင်ခွဲ/အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ ရုံးရပ်၊ မင်္ဂလာဒီပရပ်ကွက်မှ မြေဧရိယာ ၀ဒသမ၁၀၈ဧကရှိ ဒေါ်ခင်ထား ၁၂/ဗတထ(နိုင်)၀၀၆၅၆၆ (ဘ)ဦးစိန် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၀၀၇၆) ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် ၁၄၉၉/၂၀၂၃ (၁-၆-၂၀၂၃) ဖြင့် မြေကွက်အမည်ပေါက်၏ အထွေထွေကိုယ်စားလှယ်လွှဲစာရရှိထားသူ ဒေါ်ဖြူဖြူ ခိုင် ၈/မကန(နိုင်)၂၆၈၃၆၄(ဘ) ဦးကျော်ဝင်းမှ ဒေါ်ခင်ဝေမင်း ၁၂/ကမန(နိုင်)၀၇၈၂၁၈ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ အောင်ဇမ္ဗူရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ညောင်ပင်ဝိုင်း)၊ မြေကွက်အမှတ်(၁၂၇)၊ ဧရိယာ(၀ဒသမ၀၈၂)ဧကရှိ ဦးအေးမောင် (ဘ)ဦးစံမောင် ၉/ပမန(နိုင်) ၁၆၆၈၂၂ အမည်ပေါက် ပါမစ်မြေကွက်၏ မြေပေးစလစ်မူရင်း ပျောက်ဆုံးသွားသဖြင့် မြေပေးစလစ်မိတ္တူမှန် ထုတ်ယူခွင့်ပြုပါရန် အမည်ပေါက်သူ နှင့် ဇနီးဖြစ်သူတို့ ကွယ်လွန်သွားခဲ့ပြီးသဖြင့် သားဖြစ်သူ ဦးညွန့်(ဘ)ဦးအေးမောင် ၉/ပမန(နိုင်) ၀၆၃၁၆၂ နှင့် ဦးခင်မောင်လွင်(ဘ)ဦးအေးမောင် ၉/ပမန(နိုင်) ၁၆၀၁၇၇တို့မှ ဝန်ခံကတိပြုချက်၊ တရားရုံးကျမ်းကျိန် လွှာမှတ်ပုံတင်အမှတ်(၉၈၆/၂၀၂၄)၊သေစာရင်း၊ ကွယ်လွန်သွားသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်နှင့်ရဲစခန်းထောက်ခံချက်၊ ပတ်ဝန်းကျင်သက်သေ ထွက်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများ တင်ပြ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာ တမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၃၀ ရက်အတွင်း လာရောက်ကန့်ကွက် နိုင် ကြောင်းနှင့် သတ်မှတ်ကာလတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပေးစလစ်မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက် ဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ဦးမင်းထွန်း၏သား ပျဉ်းမနားမြို့၊ အထက(၅) ကန်နားကျောင်း Grade-10(A)မှ မောင်ဖြိုးမင်းသန့်အား ယနေ့မှစ၍ မောင်အောင်ထက်ပိုင်လင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်အောင်ထက်ပိုင်လင်း**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)ရပ်ကွက်၊ ကသစ်လမ်း၊ မြေကွက်အမှတ်(၁၃၃)ဟုခေါ်တွင်သော မြေအလျားx အနံ (၄၀ x ၆၀)ပေထဲမှ တရားဝင်မခွဲမစိတ်ရသေးသော [ မြေကွက်အမှတ်(၁၃၂) နှင့်ကပ်လျက်အခြမ်း] မြေအလျားxအနံ(၂၀x၆၀)ပေရှိ မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင် မြေချပါမစ်အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်နုနုရီ (CJ-044646)ထံမှ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သင်းသင်းသွယ် ၁၂/ဥကမ(နိုင်)၀၅၄၈၆၅ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နွဲ့နွဲ့ရီ ၁၂/ဗဟန(နိုင်) ၀၄၄၈၇၈တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင် လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော် LL.B,D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉- ၄၅၀၀၃၅၀၇၀**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇/B(နံ့သာကုန်း)၊ မြေကွက်အမှတ် ၁၃/၈-၁၊ ဧရိယာ(၀ဒသမ၁၈၈)ကေမြေကွက်တည်နေရာအမှတ် ၄၉၇၊ လင့်ခ်လမ်း၊ နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ၁။ မစန်းစန်းမြင့်(ခ)မကျင် ၁၂/လသန (နိုင်) ၀၁၀၁၇၅၊ ၂။ မမြင့်ဝင်း(ခ)မရှုဝါ ၁၃/တကန(နိုင်) ၀၂၆၈၃ ၂၊ ၃။ မဆွေဆွေဝင်း ၁၃/တကန(နိုင်) ၀၂၆၈၃၃၊ ၄။ မရီရီဝင်း ၁၃/တကန(နိုင်) ၀၂၆၈၃၄၊ ၅။ မအေးအေးမော် ၁၃/တကန(နိုင်) ၀၂၆၈၃၅၊ ၆။ မောင်အောင်စိုးသိန်း ၁၃/တကန(နိုင်) ၀၀၃ ၆၉၀ အမည်ပေါက်၊ မြေပိုင်မြေ လ/န-၃၉(အိမ်ရာမြေသတ်မှတ်)မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးအောင်စိုးသိန်းသည် (၁၀-၂-၂၀ ၁၅)ရက်တွင် ကွယ်လွန်သဖြင့် ၎င်း၏ပိုင်ဆိုင်ခွင့်အစုအား ဒေါ်နန်းသီရိမိုး ၁၃/တကန(နိုင်)၀၀၀၅၀၈မှ တစ်ဦးတည်းသော တရားဝင်ဇနီးတော်စပ်ကြောင်း၊ ၎င်း မှလွဲ၍ အခြားသောဇနီးမယား တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ၎င်းတို့သည် ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ကြသည့် အားလျော်စွာ အထက်ဖော်ပြပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အနက်မှ ခင်ပွန်းဖြစ်သူ ဦးအောင်စိုးသိန်း၏ ပိုင်ဆိုင်ခွင့်အစုအား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ ဇနီးဖြစ်သူ ၎င်းကသာလျှင် တရားဝင် အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်း၊ ၎င်းမှလွဲ၍ အခြားသော အမွေဆက်ခံပိုင်ဆိုင်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အမည်ပေါက်စာချုပ်၊ ဦးအောင်စိုးသိန်း ကွယ်လွန်ကြောင်းသက်ဆိုင်ရာ ရပ်ကွက်သေစာရင်း၊ ထောက်ခံချက်၊ တောင်ကြီးမြို့နယ်၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ မှတ်ပုံတင်စာအုပ်တွင် မှတ်တမ်းတင် ထားခြင်းမရှိသဖြင့် သေစာရင်းမိတ္တူမှန် ထုတ်ပေးနိုင်ခြင်းမရှိကြောင်း ထောက်ခံ စာ၊ GP ပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် မရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာတို့တင်ပြပြီး ဒေါ်နန်းသီရိမိုး ၁၃/တကန(နိုင်)၀၀၀၅၀၈ ထံမှ GP အမှတ် ၅၈၄/၂၀၂၄ (၂၂-၂-၂၀၂၄)ဖြင့် ရရှိသူနှင့် အမွေဆိုင်တစ်ဦးဖြစ်သူ ဒေါ်စန်းစန်းမြင့်(ခ)မကျင် ၁၂/လသန(နိုင်) ၀၁၀၁၇၅မှ ကျန်ပူးတွဲပိုင်ဆိုင်သူ အမည်ပေါက်များ ဖြစ်ကြသော မမြင့်ဝင်း(ခ)မရှုဝါ ၁၃/တကန(နိုင်) ၀၂၆၈၃၂၊ မဆွေဆွေဝင်း ၁၃/ တကန(နိုင်) ၀၂၆၈၃၃၊ မရီရီဝင်း ၁၃/တကန(နိုင်) ၀၂၆၈၃၄၊ မအေးအေးမော် ၁၃/တကန(နိုင်) ၀၂၆၈၃၅တို့ ပူးတွဲ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ စီတာပူရပ်ကွက်၊ ကွင်းအမှတ် (၁၂/၂ခ)၊ ဦးပိုင်အမှတ် (၅၁)၊ မြေချိန်ဧရိယာ ၀.၁၈၃ ဧကရှိ မြေကွက်သည် မူလက ဦးတန်ဂွန်းအမည်ဖြင့် (၃၀-၆-၂၀၂၀)ရက်အထိ နှစ်(၃၀) မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက် ဦးတန်ဂွန်းသည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်း၏ဇနီး ဒေါ်လမုန်ရွှယ်ဂရောင်က တရားဝင်မှတ်ပုံတင်စာချုပ်စာတမ်းဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ဒေါ်လမုန်ရွှယ်ဂရောင်(၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဘရန်ရှောင်) က(၇-၈-၂၀၂၃)ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၃၅၃/၂၀၂၃) အရ မူလမြေဧရိယာ ၀.၁၈၃ ဧကအနက်မှ မြေဧရိယာ ၀.၀၄၆ဧကအား ဦးပိုင်ခွဲစိတ်၍ ဦးတန်ဘူ ၁/မကန(နိုင်)၁၁၀၄၃၈ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးတန်ဘူအမည်ဖြင့် မြေငှားဂရန် (ဦးပိုင်ခွဲ/အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက် ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**မြစ်ကြီးနားမြို့**

## မိခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ အထက(ခွဲ) ဆင်ကူး၊ ကျောင်းဝင်အမှတ်(၆၃၂) Grade-12(Steams-1)မှ မရွှန်းလဲ့ဝေ၏ မိခင်အမည်မှန်မှာ မစုစုလှိုင် ၁၄/မမန(နိုင်)၂၄၈၃၈၃ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်၊ အထက(ခွဲ) ဆင်ကူး၊ ကျောင်းဝင်အမှတ်(၅၈၃) Grade-12(Steam-1)မှ နန့်ချောမလေး၏ဖခင်အမည်မှန်မှာ မန်းဖိုးဂျွန် ၁၄/မမန(နိုင်)၁၈၄၅၁၃ မိခင်အမည်မှန်မှာ နန့်ကြည်မြင့် ၁၄/မမန(နိုင်)၁၈၀၉၈၇ ဖြစ်ပါကြောင်း။

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ပန်းတောင်းမြို့နယ်၊ ဆင်တဲကျေးရွာ၊ အလယ်ပိုင်းနေ(ဘ)ဦးမြင့်အောင် ၇/ ပတန(နိုင်)၀၀၉၂၀၃၊ ဒေါ်စန္ဒာမြင့် ၇/ပတန(နိုင်)၀၀၂၄၃၄တို့၏သား မောင်အောင်မိုးမြင့် ၇/ပတန(နိုင်)၁၁၈၉၁၅ကို ၁၅-၇-၂၀၂၄ရက်မှစ၍ အမွေစားအမွေခံ သားအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်သည်။ ယနေ့မှစ၍ နောက်နောင်ဖြစ်ပျက်သမျှကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်အောင်-ဒေါ်စန္ဒာမြင့်**

## ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန
## ပြည်ထောင်စုဝန်ကြီးရုံး
## ရုံးအမှတ်(၁)၊ နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူးရာထူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ၄ နေရာအတွက် အောက်ပါအရည်အချင်း သတ်မှတ်ချက်များနှင့် ပြည့်မီသူများလျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ် တစ်ခုခုမှ ဘွဲ့ရရှိသူ ဖြစ်ရမည်။
(ဂ) Computer ကျွမ်းကျင်စွာအသုံးပြုနိုင်သူ ဖြစ်ရမည်။
(ဃ) လျှောက်လွှာပိတ်သည့် **၁၆-၈-၂၀၂၄ ရက်နေ့တွင်** အသက် ၂၈ နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
(င) မဟာဘွဲ့ရရှိပြီးသူ ဖြစ်ပါက အသက် ၃၀ နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။
(စ) ပြည်ထောင်စုဝန်ကြီးရုံးတွင် အနည်းဆုံး ၃ နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
(ဆ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပြီး လျှောက်ထားရမည်။

၂။ လျှောက်ထားသူများသည် ကျန်းမာရေးကောင်းမွန်ပြီး အကျင့်စာရိတ္တကောင်းမွန်သူ၊ နေပြည်တော်တွင် မိမိအစီအစဉ်ဖြင့် နေထိုင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပုံစံကို ဤဝန်ကြီးဌာန၏ Website ဖြစ်သည့် www.mifer.gov.mm တွင် download ရယူလျှောက်ထားနိုင်ပြီး သတ်မှတ်လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ **(လျှောက်လွှာများကို ရောင်းချခြင်း/ ထုတ်ပေးခြင်း မပြုပါ။)**

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(က) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ဓာတ်ပုံ ၃ ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးရန်)၊
(ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ (မူရင်းကို လျှောက်လွှာတင်ပြသည့်နေ့တွင် ယူဆောင်လာရန်)၊
(ဂ) တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ/ ယာယီဘွဲ့ ထောက်ခံစာမိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်နှင့် မူရင်းကို လျှောက်လွှာတင်ပြသည့်နေ့တွင် ယူဆောင်လာရန်)၊
